မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇွန် ၂၆ ရက်၊ သောကြာနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၆၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက်ရောက်ရှိရေးနှင့် အလေအလွင့်နည်းပါးရေး စည်းရုံးဆောင်ရွက်

လယ်သမားများ၏ စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည်များ ပံ့ပိုးပေး

ဆရာ ဆရာမများအနေဖြင့် သင်ကြားပြသရသည့် ဘာသာရပ်များကို ကျွမ်းကျင်အောင် အမြဲလေ့လာ တပည့်များအား ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာသူများဖြစ်စေရေး လေ့ကျင့်ပေး

နေပြည်တော် ဇွန် ၂၅

ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသော အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ပုသိမ်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာရာ နံနက် ၇ နာရီ မိနစ် ၅၀ တွင် ဘိုကလေးမြို့သို့ ရောက်ရှိကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာကို တွေ့ရစဉ်။ (သတင်းစဉ်)

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇွန် ၂၆ ရက်)

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး နိုင်ငံတော်နှင့်အတူ ပြည်သူများ အသိစိတ်ဓာတ်ရှိရှိ လက်တွဲပါဝင်

ယနေ့သည် ဇွန်လ၂၆ရက်နေ့ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီး၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပနေချိန်လည်းဖြစ်သည်။

မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအနေဖြင့် ရင်ဆိုင်ဖြေရှင်းနေရသည့် ပြဿနာမျိုးမဟုတ်ဘဲ ကမ္ဘာ့နိုင်ငံတိုင်းနှင့် သက်ဆိုင်ပြီး လူသားတစ်ရပ်လုံးနှင့် အကျုံးဝင်ရင်ဆိုင်နေရသော ပြဿနာလည်းဖြစ်သည်။

လူသားတစ်ရပ်လုံးကို ကောင်းကျိုးမပေးသည့် မူးယစ်ဆေးဝါးကို မည်သည့်နည်းမျိုးနှင့်မျှ သုံးစွဲခြင်းမျိုးမရှိရန် ပြည်သူလူထုအတွင်း အထူးသဖြင့် ကျောင်းသားလူငယ်များအတွင်း အသိပညာပေးလှုံ့ဆော်ခြင်းလုပ်ငန်းနှင့် ပညာပေးစည်းရုံးခြင်းလုပ်ငန်းများကို အလေးအနက်ထားရမည် ဖြစ်သည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ရာတွင် မူးယစ်ဆေးဝါးထုတ်လုပ်မှု ပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်နေသကဲ့သို့ သုံးစွဲမှုပပျောက်ရေးကဏ္ဍသည်လည်း အရေးကြီးသည့်အတွက် ဆေးကုသရေး၊ ပြန်လည်ထူထောင်ရေး၊ အသိပညာပေးနှိုးဆော်ရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။

ပြည်သူလူထုအတွင်းသို့ ထိုးဖောက်စည်းရုံးရာတွင် အထိရောက်ဆုံးနှင့် အအောင်မြင်ဆုံးဖြစ်သည့် စာပေ၊ ဂီတ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာစသော အနုပညာရပ်နယ်ပယ်မှ ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးသိမ်းသွင်းသည့်အနေဖြင့် တစ်နိုင်ငံလုံးဖိတ်ခေါ်ပြိုင်ပွဲများ ကျင်းပကာ ဆုရရှိသူများအား ဆုချီးမြှင့်သည့် အခမ်းအနားများအဖြစ် ကျင်းပခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းကို ပြည်တွင်းအားဖြင့်သာ ဆောင်ရွက်နေခြင်းမဟုတ်ဘဲ ဒေသနှင့်ဒေသခွဲအတွင်း အိမ်နီးချင်းနိုင်ငံများနှင့် နားလည်မှုစာချွန်လွှာ၊ နှစ်နိုင်ငံသဘောတူညီချက်များ လက်မှတ်ရေးထိုးကာ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပေရာ လူသားတစ်ရပ်လုံး၏ ဘဝပတ်ဝန်းကျင်တစ်ခုလုံး မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးရေးအတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက နိုင်ငံတော်နှင့်အတူ လက်တွဲညီညီ အသိစိတ်ဓာတ်ရှိရှိ ပူးပေါင်းပါဝင် တားဆီးကာကွယ်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇွန် ၂၅

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇွန် ၁၉ရက်က ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ဘောစကိုင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ဆောက်လုပ်ရေးပစ္စည်းနှင့် အလှူငွေတို့ကို ပေးအပ်လှူဒါန်း၍ အမှာစကားပြောကြားသည်။

ဝန်ကြီးသည် ဇွန် ၂၀ရက်က အင်္ဂပူမြို့နယ် ထန်းပင်ကုန်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားကာ ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ဆောက်လုပ်ရေးပစ္စည်းနှင့် အလှူငွေတို့ကို ပေးအပ်လှူဒါန်းသည်။ **(ယာပုံ)**

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် အင်္ဂပူမြို့နယ် ဇီးကုန်း-ခြောက်ရွာ အခြေခံပညာမူလတန်းကျောင်း၌ကျင်းပသည့် ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး ကျီးတောငူကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် အင်္ဂပူမြို့နယ် လမ်းဘေးဝဲယာ ကျွန်းတစ်အုပ်တစ်မစိုက်ခင်းသို့ရောက်ရှိပြီး ကျွန်းပင် ၁၆၂၀ စိုက်ပျိုးထားရှိမှုနှင့် လမ်းဘေးဝဲယာ ကျွန်းစိုက်ခင်း၌ အပင် ၂၃၅၀စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် အင်္ဂပူမြို့နယ် ဘဲပြာကျေးရွာအခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်အားပေး အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ကျွဲဇင်းအခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့တက်ရောက်ပြီး ငှက်ပျောတောကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ဈေးကြီးရပ်အခြေခံပညာမူလတန်းကျောင်းနှင့် စံပြအခြေခံပညာမူလတန်းကျောင်းတို့သို့ သွားရောက်၍ ကျောင်းများအတွက်ဆောက်လုပ်ရေးပစ္စည်းများနှင့် အလှူငွေတို့ကို ပေးအပ်လှူဒါန်းသည်။

ဝန်ကြီးသည် ညနေပိုင်းတွင် ဇောင်းတန်းကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်းတပ်စည်ပင် ကျောက်ချောလမ်းခင်း

ဟားခါး ဇွန် ၂၅

မင်းတပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် ကျောက်ချောလမ်းခင်း ခြင်း (၁၀၀၀×၁၂)ပေ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဇွန် ၂၀ရက်က ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးမျိုးအောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအာလ်လျန်ထန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဆွေးအုပ်တို့က လုပ်ငန်းပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၆-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော် + အာဋာနာဋိယသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **သစ္စာမသိလို့ သံသရာရှည်တာ** တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရှင်သန်လာသောနှလုံးသား** (အပိုင်း-၄၃)
၈:၃၀ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ဒါရိုက်တာခင်ဇော်)
၉:၃၀ Sports World (Copa Libertadores)
၉:၅၅ Activities in the City (ကြေးပိဋကတ်အလှူတော်မင်္ဂလာ)
၁၀:၁၅ လူငယ်နှင့် ဆေးလိပ်အန္တရာယ် (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအောင်ထွန်း)
၁၀:၄၀ မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေး ဥယျာဉ်မှာ ပန်းလှရောင်စုံဖြာ
၁၁:၀၀ Make in A Delicious Way (ရသာဆန်းပြားပီဇာအစားအစာများ) (အပိုင်း-၂)
၁၁:၂၀ ဖက်ရှင်လမ်းညွှန် (ငါးထပ်ကွမ်းအကယ်ဒမီမြင့်မြင့်ခင်နှင့် တွေ့ဆုံခြင်း)
၁၁:၄၀ ပန်းချီပြခန်း (Summer Art Show 2009)
၁၁:၅၅ **အဖေ** ဖွဲ့နှောင်၊ မီးမီးသုခ၊ ခင်မောင်ချင်း၊ စပ်စု (ဒါရိုက်တာ-အေဝမ်းသန်းထွဋ်)
၁၂:၂၀ တေးဂီတအစီအစဉ်
၁၂:၃၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၂:၄၅ သဘာဝဝန်းကျင်ထိန်းသိမ်းဖို့ စွန့်ပစ်အမှိုက်သုံး အဆင့်မြင့်မီးဖိုသုံးကြစို့
၁:၀၀ **သစ္စာမသိလို့ သံသရာရှည်တာ** တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
၂:၀၀ MRTV-4 သတင်း
၂:၄၅ နေထိုင်မှုဝင့်ကြွားအဆင့်မြင့် အိမ်ရာစီမံကိန်းများ (ကမ္ဘာအေးကွန်ဒိုမီနီယံ)
၃:၀၀ မျှော်လင့်ခြင်း၏အလင်းရောင်သစ်
၃:၃၅ အလှဆင်စရာပရိဘောဂကဏ္ဍ (ရွှေမိုးပရိဘောဂ)
၃:၄၅ Activities in the City (ကြေးပိဋကတ်အလှူတော်မင်္ဂလာ)
၄:၀၅ မြေလတ်ဒေသ၏လက်ဆောင်
၄:၁၅ ဂီတသံစဉ်အလှဆင်
၄:၄၀ မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေး ဥယျာဉ်မှာ ပန်းလှရောင်စုံဖြာ
၄:၅၅ Science Tech Today
၅:၁၀ VJ Choice
၅:၃၅ သူတို့ပြောတဲ့ သူတို့အကြောင်း (ရုပ်ရှင်သရုပ်ဆောင်အေးအေးခိုင်နှင့် တွေ့ဆုံခြင်း)
၆:၀၀ MRTV-4 သတင်း
၆:၁၅ World of Knowledge (Downed Pilot)
၇:၁၅ ပြောင်းလဲလာသောအလှတရား
၇:၂၀ လှပသစ်ဆန်းအလှပြင်ခန်း (Spirits Beauty Spa)
၇:၄၀ ဖက်ရှင်လမ်းညွှန် (ငါးထပ်ကွမ်းအကယ်ဒမီမြင့်မြင့်ခင်နှင့် တွေ့ဆုံခြင်း)
၈:၀၀ MRTV-4 သတင်း
၈:၃၀ VJ Choice
၉:၀၀ သူတို့ပြောတဲ့ သူတို့အကြောင်း (ရုပ်ရှင်သရုပ်ဆောင်အေးအေးခိုင်နှင့် တွေ့ဆုံခြင်း)
၉:၂၅ ပြောင်းလဲလာသောအလှတရား
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရှင်သန်လာသောနှလုံးသား** (အပိုင်း-၄၃)
၁၀:၀၀ ကဏ္ဍာစုံလင်အားကစားအစီအစဉ် Everton Vs Man City (Replay)
၁၁:၄၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၂:၀၀ **အဖေ** ဖွဲ့နှောင်၊ မီးမီးသုခ၊ ခင်မောင်ချင်း၊ စပ်စု(ဒါရိုက်တာ-အေဝမ်းသန်းထွဋ်)
၁၂:၂၅ **ရွှေဖြူ** ဟုခေါ်သည် (အပိုင်း-၁)
၁၂:၄၅ Science Tech Today
၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၂၆-၆-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၂၅ ၅။ မဟာဂီတချိုကြည်မြ
၄:၅၀ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅:၃၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၅၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ လျှပ်တစ်ပြက်
၆:၃၅ ၁၄။ **'ရွာ'** ဟာသဇာတ်လမ်းတွဲ
၆:၄၀ ၁၅။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြိုးမြတ်သူတို့နှလုံးသား** (အပိုင်း-၆၃)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ စိုက်ပျိုးသုတ
၂၁။ ရှင်သန်နေသောသီချင်းများ (Living Songs) ဂျေမောင်မောင် (အိပ်မက်မက်တယ်၊ သီလာအချစ်ရေ) (အပိုင်း-၁)
၂၂။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တရားရှင်နှင့် ကျွန်ကျောင်း** (အပိုင်း-၂၂)

နေပြည်တော် မြန်မာ့အသံ

(စနေနေ့-နံနက်+နေ့လယ်+ည)

(၂၇-၆-၂၀၀၉)

၇:၀၀ အဖွင့်တီးလုံး + နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း + ကြေညာချက်
၇:၀၅ တရားတော် (မောရသုတ် + ဝဋ္ဋသုတ်) ဓမ္မပူဇာတေးပဒေသာ
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း ဆောင်းပါး
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၃၀ လောကနီတိ အသိရှိစေဖို့ (ကိုယ်ကျင့်တရား အလေးအနက်ထား)
၈:၄၀ တေးပဒေသာ
၉:၀၀ ဘဝအသွင်ကဗျာ့အမြင် (ကျေးရူးနံနက်)
၉:၁၀ တေးပဒေသာ
၉:၃၀ မွေးနေ့လက်ဆောင်
၉:၄၅ အာဆီယံအစီအစဉ်
၁၀:၀၀ မင်္ဂလာလက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ ကလေးအစီအစဉ် (ကလေးများအတွက်ပုံပြင်) (ရတနာပုံပြင်) နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၅ ဇာတ်လမ်းပမာနားဆင်စရာ (အသက်ထက်ပို၍)
၁၁:၅၅ တေးပဒေသာ
၁၂:၀၀ စံတော်ချိန် တေးပဒေသာ
၁၂:၂၀ ယဉ်ကျေးမှုအနုပညာ (မြန်မာ့ရိုးရာလက်မှုပညာ ပန်းပဲ)
၁၂:၃၀ ဟန်မျိုးစုံညီတေးကို
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး
၁၆:၃၀ သောတရှင်လိုရာတေး
၁၇:၀၀ လေလှိုင်းကြားကပွဲတင်သံ
၁၇:၁၅ တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ခေတ်မရွေးသောတေးများ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၀၅ တေးချစ်သူရွေးသီ တေးပန်းချီ
၁၈:၃၀ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၀၅ သူ့အကြိုက် သူ့အသွင် (ချစ်သုဝေ) နိုင်ငံရေးဦးတည်ချက်
၁၉:၃၀ ကျန်းမာရေးရာ သိကောင်းစရာ (သင့်ကျန်းမာရေးအတွက် ချင်းကို ဒီလိုသုံးပါ) တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း သံစဉ်တေးသွား မေတ္တာစကား စီးပွားရေးဦးတည်ချက်
၂၀:၃၀ ညချမ်းချိန်ခါတေးပဒေသာ
၂၁:၀၀ နိုင်ငံတကာအနုပညာ(၅၃) ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက်
၂၁:၃၀ ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

ဒေသခံပြည်သူများအား တွေ့ဆုံမှာကြား

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာ ရှင်းလင်းဆောင်၌ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

ရှင်းလင်းတင်ပြ

ထို့နောက် ဘိုကလေးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးသို့ ရောက်ရှိကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်အား တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေက ဧရာဝတီတိုင်းအတွင်း မိုးစပါးစိုက်ပျိုးမှုအခြေအနေ၊ နွေစပါးပန်းတိုင်အထွက်နှုန်း ရရှိမှုအခြေအနေနှင့် လေဘေးသင့်မြို့နယ် ခုနစ်မြို့နယ်တို့တွင် မိုးစပါးစိုက်ပျိုးရန် မျိုးစပါးများ ဖြန့်ဝေပေးမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဧရာဝတီတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာဦးမြင့်သိန်းက နာဂစ်မုန်တိုင်းသင့်ဒေသများတွင် ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုနှင့် မြေယာပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရေငန်တားတမံများ

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက ရေငန်တားတမံများဆောင်ရွက်မှု၊ ရေကာတာများ အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က မိုးစပါးစိုက်ပျိုးပြီးစီးမှုအခြေအနေ၊ လယ်ထွန်စက်များ ဖြန့်ဝေပေးမှုအခြေအနေနှင့် နာဂစ်မုန်တိုင်းကြောင့် ပျက်စီးသွားခဲ့သည့် အခြေခံပညာကျောင်းများ ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြသည်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

စက်မှုလယ်ယာ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘိုကလေးမြို့နယ်အတွင်းရှိ ဆန်စက်လုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး မိရိုးဖလာ စပါးမျိုးများအစား အထွက်တိုးပြီး အရည်အသွေးကောင်းသော စပါးမျိုးများ ပြောင်းလဲစိုက်ပျိုးရေး၊ လယ်ယာလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလယ်ယာသို့ ကူးပြောင်းဆောင်ရွက်ရန် အခြေခံဖြစ်သည့် ထွန်ယက်ခြင်းနှင့် ရိတ်သိမ်းခြွေလှေ့မှုတို့ကို စက်များဖြင့်အစားထိုးဆောင်ရွက်ရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အမြန်ရောက်ရှိရေးနှင့် အလေအလွင့်နည်းပါးရေးအတွက်လယ်သမားများအား စည်းရုံးဆောင်ရွက်ရန်၊ ဆန်စက်လုပ်ငန်းရှင်များသည် မိမိတို့နှင့်စီးပွားဖက်လယ်သမားများ၏ စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ပံ့ပိုးမှုများကို ဆောင်ရွက်ပေးရန်တို့ကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘိုကလေး၊ ဖျာပုံနှင့် ဒေးဒရဲမြို့နယ်များမှ Cyclone Shelter များ ဆောက်လုပ်လျက်ရှိသော ဆောက်လုပ်ရေးလုပ်ငန်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး Cyclone Shelter များကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်အတွင်းပြီးစီးအောင် ဆောင်ရွက်ရေး၊ ဆောက်လုပ်ပြီးသော Cyclone Shelter များအား အရည်အသွေးပြည့်မီရေးကို အဖွဲ့ ဖွဲ့စည်းပြီး စစ်ဆေးရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ပြန်လည်နှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးစံပြကျေးရွာသို့ ရောက်ရှိကြရာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က ရင်းရင်းနှီးနှီး ပြန်လည်နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကြိမ်ချောင်းကြီးစံပြကျေးရွာမှ ၂၀၀၈-၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရ ကျောင်းသူတစ်ဦး၊ ငါးဘာသာဂုဏ်ထူးရကျောင်းသားတစ်ဦးတို့အား ဂုဏ်ပြုနှုတ်ဆက်ပြီး ဆုငွေများကို ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး နိုင်ငံတော် ဝန်ကြီးချုပ်အား ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်က ကျေးလက်အိမ်ရာများဆောက်လုပ်ပြီးစီးမှု၊ Cyclone Shelter များ ဆောက်လုပ်မှု၊ မိုးစပါးစိုက်ပျိုးရန် မြေပြုပြင်ပြီးစီးမှုနှင့် စိုက်ပျိုးမှုအခြေအနေများကိုရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဖြည့်စွက်ရှင်းလင်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာသို့ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ်အား မအူပင်ခရိုင် အင်ဂျင်နီယာမှူးကြီး ဦးသိန်းဦးက ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း ဖောက်လုပ်ပြီးစီးမှု၊ ယင်းလမ်းပေါ်ရှိ တံတားများတည်ဆောက်ပြီးစီးမှုနှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြသည်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က မြေသားတာပေါင်များကို သတ်မှတ်အမြင့်ရှိရေး မှာကြားသည်။

ထို့နောက် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်က ဧရာဝတီတိုင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ Communication Centre ဆောက်လုပ်လျက်ရှိသောနေရာများနှင့် တပ်ဆင်မည့် ဆက်သွယ်ရေးစက်များ၊ ကျေးရွာတွင် နေ့စဉ်သတင်းစာဖတ်ရှုနိုင်ရေး စီစဉ်ပေးထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အမြဲလေ့လာ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ဆန်းကျေးရွာရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့်တွေ့ဆုံပြီး မိမိတို့၏ တပည့်များအား ပညာတတ်များဖြစ်စေရေးကို သင်ကြားပေးသည်သာမက စည်းကမ်းကောင်းသူ၊ အကျင့်စာရိတ္တကောင်းသူ၊ ပြည်ထောင်စုစိတ်ဓာတ်ရင့်သန် ခိုင်မာသူများဖြစ်စေရေး လေ့ကျင့်ပေးရန်၊ ဆရာ ဆရာမများကိုယ်တိုင် မိမိတို့သင်ကြားပြသရသည့် ဘာသာရပ်များအလိုက် ကျွမ်းကျင် တတ်မြောက်စေရေး အမြဲလေ့လာရန်တို့ကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး မိမိတို့ပတ်ဝန်းကျင်တွင် သဘာဝက ဖန်တီးပေးထားသည့် မြေသယံဇာတ၊ ရေသယံဇာတ အမွေကောင်းများရှိပြီးဖြစ်၍ စီးပွားတိုးတက်ရေးအတွက် အလုပ်ကိုဝီရိယထား ကြိုးစားလုပ်ကိုင်ကြရန်၊ ပင်ပန်းစွာဖြင့် ရှာဖွေရရှိသောငွေကို အလွယ်တကူ သုံးဖြုန်းမပစ်ဘဲ စနစ်တကျစုဆောင်းပြီး အဆင့်အတန်းမြင့်မြင့်နေထိုင်နိုင်ရေး ကြိုးစားရန်၊ ကျေးရွာရှိစာသင်ကျောင်းကို အခြေခံပညာအထက်တန်းကျောင်းအဆင့် တိုးမြှင့်ပေးထားပြီဖြစ်၍ မိမိတို့သားသမီးများအား ပညာတတ်များဖြစ်ရေးကို အားပေးဆောင်ရွက်သွားရန်၊ ကျောင်းနေရွယ်ကလေးများ ကျောင်းနေရေး၊ ကျောင်းနေကလေးများ အတန်းပညာပြီးဆုံးအောင် သင်ကြားရေးတို့ကို မိဘ၊ ဆရာနှင့် အုပ်ချုပ်ရေးတာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ရန် မှာကြားသည်။

ပြန်လည်ရောက်ရှိ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် စက်ဆန်းကျေးရွာမှ ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးစံပြကျေးရွာကို တွေ့ရစဉ်။ (သတင်းစဉ်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

စုစည်းတင်ပြသူ - မောင်ချစ်ကြည်

ကွမ်တုန်ပြည်နယ်၌ A(H1N1) တုပ်ကွေးကြောင့် မူလတန်းကျောင်းပိတ်

တရုတ်နိုင်ငံ ကွမ်တုန်ပြည်နယ် ကျန်မင်မြို့တွင် ဇွန် ၂၅ရက်က A(H1N1) တုပ်ကွေးဖြစ်ပွားသူ တစ်ဦးကို စစ်ဆေးတွေ့ရှိပြီးနောက် ယင်းမြို့မှ ပေကျောင်မူလတန်းကျောင်းကို ယာယီပိတ်လိုက်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

မက္ကဆီကို အနောက်မြောက်ပိုင်း၌ မုန်တိုင်းတိုက်ခတ်

မက္ကဆီကိုနိုင်ငံ အနောက်မြောက်ပိုင်းဒေသများသို့ ဇွန် ၂၅ရက် နံနက်က အင်ဒရက်အမည်ရှိ မုန်တိုင်း ဝင်ရောက်တိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းမှုများ ဖြစ်ပွားခဲ့ကြောင်း၊ နေအိမ်များ ရေနစ်မြုပ်ခဲ့ကြောင်း မက္ကဆီကိုနိုင်ငံ မိုးလေဝသဌာနက သတင်းထုတ်ပြန်သည်။ (အောက်ပုံ)

ဒေါ်လာတန်ဖိုး အနည်းငယ်မြင့်တက်

ကမ္ဘာ့ငွေကြေးဈေးကွက်၌ အမေရိကန်ဒေါ်လာဈေးနှုန်းများ ကျဆင်းလျက်ရှိရာ ဂျပန်ဈေးကွက်၌ ဇွန် ၂၅ရက်က ဂျပန်ယန်းငွေ ၉၆ယန်းလျှင် အမေရိကန်တစ်ဒေါ်လာအထိ အနည်းငယ်မြင့်တက်ခဲ့သည်။

ချီလီနိုင်ငံ ဆန်တီယာဂိုမြို့၌ စာသင်ကျောင်းပြိုကျ

ချီလီနိုင်ငံ ဆန်တီယာဂိုမြို့တွင် ဇွန် ၂၅ရက်က မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပွားပြီး စာသင်ကျောင်းတစ်ကျောင်း ပြိုကျခဲ့ရာ ကျောင်းသား ၂၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ချီလီနိုင်ငံ အရာရှိများက ပြောကြားသည်။ (အောက်ပုံ)

ဖိလစ်ပိုင်၌ ခရီးသည်တင်လေယာဉ်ပြေးလမ်းချော်

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း အက်ကလန်ပြည်နယ် ကာတစ်လန်လေဆိပ်၌ ဇွန် ၂၅ရက် မွန်းလွဲပိုင်းက ခရီးသည် ၅၅ ဦးတင်ဆောင်လာသော လေယာဉ်တစ်စင်း လေဆိပ်အဆင်း၌ အရှိန်မထိန်းနိုင်ဘဲ ပြေးလမ်းချော်မှု ဖြစ်ပွားခဲ့သည်။ ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း လေဆိပ်အရာရှိများက ပြောကြားသည်။ **(အောက်ပုံ)**

တရုတ်၌ အပူလှိုင်းကျရောက်

တရုတ်နိုင်ငံ ပေကျင်းမြို့အပါအဝင် ရှန်တုန်၊ ကျန်စုနှင့် အန်ဟွေးပြည်နယ်တို့၌ ဇွန် ၂၅ရက်က အပူလှိုင်းကျရောက်ခဲ့ကြောင်း၊ အပူချိန်မှာ ၄၀ ဒီဂရီဆဲလ်စီးရပ်စ်အထိ မြင့်တက်ခဲ့ကြောင်း တရုတ်နိုင်ငံ မိုးလေဝသဌာနက သတင်းထုတ်ပြန်သည်။

ပျက်ကျ ပြင်သစ်လေယာဉ်မှ သေတ္တာနက်တွေ့ရန် နီးစပ်လာ

အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ပျက်ကျသွားသော ပြင်သစ်ခရီးသည်တင်လေယာဉ်မှ လေယာဉ်ပျံသန်းမှု မှတ်တမ်းတင် သေတ္တာနက်ကို သမုဒ္ဒရာကြမ်းပြင်၌ ရှာဖွေတွေ့ရှိတော့မည်ဖြစ်ကြောင်း၊ သေတ္တာနက်မှ ထုတ်လွှင့်လျက်ရှိသည့် အချက်ပြမှုနှင့် တဖြည်းဖြည်းနီးစပ်နေပြီဖြစ်ကြောင်း၊ သို့သော် အချက်ပြမှုမှာ တစ်ခါတစ်ရံ ပြတ်တောက်နေသဖြင့် ခက်ခဲစွာရှာဖွေနေရကြောင်း ပြင်သစ်အရာရှိများက ပြောကြားသည်။

ကမ္ဘာ့ရွှေဈေးနှုန်း အနည်းငယ်မြင့်တက်ခဲ့

ကမ္ဘာ့ရွှေဈေးကွက်၌ ဈေးနှုန်းများ အနည်းငယ် ပြန်လည်မြင့်တက်လျက်ရှိရာ တရုတ်ရွှေ ဈေးကွက်၌ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၉၃၁ ဒသမ ၉၀ ဒေါ်လာသို့ မြင့်တက်ခဲ့ကြောင်း တရုတ် ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။

ပိုလန်နိုင်ငံ တိုင်ချေမြို့ရှိ မော်တော်ကားထုတ်လုပ်ရေးလုပ်ငန်းခွင်တစ်နေရာကို ဇွန် ၂၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဂျပန်နိုင်ငံ၏ စီးပွားရေးကဏ္ဍ

၂၀၁၀ပြည့်နှစ်တွင် ပြန်လည်ဦးမော့လာမည်

တိုကျို ဇွန် ၂၅

ယခုနှစ်အတွင်း စီးပွားရေးဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အိုအီးစီဒီ)က ဂျပန်နိုင်ငံ စီးပွားရေးကဏ္ဍ၏ ၆ဒသမစရာခိုင်နှုန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ရာ ၂၀၁၀ပြည့်နှစ်အရောက်တွင် ဂျပန်စီးပွားရေးလုပ်ငန်းများမှာ ၀ဒသမ ၇ရာခိုင်နှုန်းသို့ မြင့်တက်လာကာ စီးပွားရေး ဦးမော့လာမည်ဖြစ်ကြောင်း ဇွန် ၂၄ ရက်၌ အိုအီးစီဒီက သတင်းထုတ်ပြန်သည်။

ကုန်သွယ်စီးပွား

ယခုအခါသည် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းများကြောင့် ဂျပန်နိုင်ငံ၏ ကုန်သွယ်ရေးနှင့် စီးပွားရေး ကျဆင်းခဲ့ကြောင်း ယင်းသတင်း၌ ဖော်ပြသည်။

တိုးမြှင့်ဆောင်ရွက်

ဂျပန်နိုင်ငံသည် ကမ္ဘာ့ကုန်သွယ်မှုဈေးကွက်၌ သွင်းကုန်ထုတ်ကုန်လုပ်ငန်း ပိုမိုထိုးဖောက်နိုင်ရေးကို မျှော်လင့်ထားပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုကဏ္ဍ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အိုအီးစီဒီက သတင်းထုတ်ပြန်သည်။ **(အင်တာနက်)**

ကမ္ဘာ့စီးပွားရေး အကျပ်အတည်း ဖြစ်ပေါ်နေမှု ဂျီ-၈ ထိပ်သီး အစည်းအဝေး၌ ဆွေးနွေးမည်

ဝါရှင်တန် ဇွန် ၂၅

ကမ္ဘာ့ငွေကြေးအကျပ်အတည်းသည် စက်မှုဖွံ့ဖြိုးပြီးသော အဓိကနိုင်ငံများ၏ နိုင်ငံရေးကို တိုက်ရိုက်ခြိမ်းခြောက်နေသောကြောင့် လာမည့် ဂျီ-၈ ထိပ်သီးဆွေးနွေးပွဲတွင် ယင်းအကျပ်အတည်းသည် အဓိကထား ဦးစားပေးဆွေးနွေးမည့် အစည်းအဝေး အစီအစဉ်ဖြစ်လာဖွယ်ရှိကြောင်း ကျွမ်းကျင်သူတစ်ဦးက သုံးသပ်ပြောကြားသည်။

ဆက်လက်ပြောကြား

နိုင်ငံတကာ ငြိမ်းချမ်းရေးအတွက် နိုင်ငံတကာစီးပွားရေးအစီအစဉ်ကို ပံ့ပိုးပေးရန်လိုကြောင်း ယင်းကျွမ်းကျင်သူက ဆက်လက်ပြောကြားသည်။

ဆွေးနွေး

အီတလီနိုင်ငံ အယ်လ်အကွီလာမြို့တွင် ဇူလိုင် ၈ရက်မှ ၁၀ရက်အထိ ကျင်းပရန်ရှိသည့် ဂျီ-၈ ထိပ်သီးဆွေးနွေးပွဲ၌ ဗြိတိန်၊ ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဂျပန်၊ ရုရှားနှင့် အမေရိကန်နိုင်ငံတို့မှ နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့များသည် စီးပွားရေးအကျပ်အတည်း ကြုံနေရခြင်းမှ စီးပွားရေးဦးမော့လာစေမည့် အစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးကြမည်ဟု သတင်း၌ ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံမှ သင်္ဘောလေးစင်းဝယ်ယူရန် အိုမန်ထံမှ အမှာစာရရှိ

ပေကျင်း ဇွန် ၂၅

တရုတ်နိုင်ငံ ကျန်စုပြည်နယ်ရှိ အကြီးဆုံး သင်္ဘောတည်ဆောက်ရေးကုမ္ပဏီသည် အမေရိကန်ဒေါ်လာ ၄၈၄ သန်းတန်ဖိုးရှိ သင်္ဘောလေးစင်းဝယ်ယူမည့် အိုမန်နိုင်ငံမှ အမှာစာရရှိခဲ့ကြောင်း၊ ယင်းမှာယူမှုသည် ယခုနှစ်အတွင်း တရုတ်နိုင်ငံသို့ ပြည်ပမှ သင်္ဘောမှာယူမှုတွင် အများဆုံးဖြစ်ကြောင်း ဇွန် ၂၃ရက်ထုတ် ချိုင်းနားဒေးလီးသတင်းစာ၌ ဖော်ပြသည်။

အပြီးအပိုင်လွှဲအပ်

အဆိုပါသင်္ဘောလေးစင်းကို ၂၀၁၁ခုနှစ်အကုန် သို့မဟုတ် ၂၀၁၂ခုနှစ်အစတွင် အိုမန်နိုင်ငံသို့ အပြီးလွှဲအပ်ရမည်ဖြစ်သည်။ ကျန်စုသင်္ဘောတည်ဆောက်ရေးကုမ္ပဏီဖြစ်သည့် ကျို့ရှန်ကျင်ဟိုင်ဝမ်သင်္ဘောကျင်းသည် ပြည်တွင်းမှ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံဖိုး ထပ်မံအမှာစာရရှိသည်။

၎င်းကုမ္ပဏီသည် ယခုနှစ်အတွင်း သင်္ဘောအမှာစာအသစ်များကို ထပ်မံ၍ လက်မခံနိုင်တော့ကြောင်း သိရသည်။

လျော့ကျ

ကမ္ဘာ့စီးပွားရေး အကျပ်အတည်းများကြောင့် တရုတ်နိုင်ငံ၌ ယခုနှစ်ပထမငါးလအတွင်း သင်္ဘောတည်ဆောက်ရေးကုမ္ပဏီ ၁၇၉၁ခု၏ အမှာစာများ လက်ခံရရှိမှုမှာ သိသိသာသာ လျော့ကျလျက်ရှိကြောင်း စက်မှုနှင့်နည်းပညာဝန်ကြီးဌာန၏ စာရင်းများအရ ဖော်ပြသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ဖူကျို့မြို့တွင် စွန့်ပစ်ပစ္စည်းများနှင့် အနုပညာပုံဖော်မှုပြပွဲ၌ တီထွင်ဆန်းသစ်ကာ ပုလင်းအဖုံးများဖြင့် အနုပညာပုံဖော်မှုတစ်ရပ်ကို ဇွန် ၂၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန် ဆွပ်တောင်ကြား၌ တိုက်ပွဲများ ဆက်လက်ဖြစ်ပွား

အစ္စလမ္မာဘတ် ဇွန် ၂၅

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ပြည်နယ်များ၌ လွန်ခဲ့သည့် ၂၄နာရီကြာတိုက်ပွဲအတွင်း စစ်သွေးကြွခုနစ်ဦးနှင့် အခြား ခုနစ်ဦးသေဆုံးကြောင်း ဇွန် ၂၄ရက်တွင် စစ်ဘက်ဆိုင်ရာက သတင်းထုတ်ပြန်သည်။

သေဆုံး

အစောပိုင်းကာလက ပါကစ္စတန်နိုင်ငံ ဆွပ်တောင်ကြားဒေသ၌ တိုက်ပွဲများဖြစ်ပွားလျက်ရှိရာ စစ်သွေးကြွ ၁၆၀၀ခန့်သေဆုံးလျက်ရှိကြောင်း စစ်ဘက်ဆိုင်ရာ၏ နောက်ဆုံးစာရင်းအရ သိရသည်။

လက်ရဖမ်းဆီး

၎င်းနိုင်ငံ အနောက်မြောက်ပိုင်း ဒီရာဒေသ ကိုတာမြို့၌ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်ရာမှ တပ်ဖွဲ့ဝင်များနှင့် အပြန်အလှန်ပစ်ခတ်ရာ အကြမ်းဖက်သမား ခြောက်ဦးသေဆုံးပြီး ခုနစ်ဦးကို လက်ရဖမ်းဆီးနိုင်ခဲ့သည်။ (အင်တာနက်)

26-6 (04).pmd 1 6/26/2009, 3:46 AM

လူငယ်များဘဝအတွင်းနှင့် လူသားအားလုံးရဲ့ဘဝပတ်ဝန်းကျင်တစ်ခုလုံး မူးယစ်ဆေးဝါးဆိုသည့် အန္တရာယ်ဆိုးကြီး ဝင်ရောက်မလာနိုင်အောင် ပြည်သူလူထုတစ်ရပ်လုံး ညီညွတ်စွာပူးပေါင်းကာကွယ်တွန်းလှန်ဖြိုဖျက်

နေပြည်တော် ဇွန် ၂၆

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး အထိမ်းအမှတ်နေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးထံမှ ပေးပို့သည့်သဝဏ်လွှာ–

(၂၀၀၉ခုနှစ် ဇွန်လ ၂၆ရက်)

ယနေ့သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဖြစ်သည်နှင့်အညီ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါး ဆန့်ကျင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားများ ကျင်းပလျက်ရှိနေကြမည် ဖြစ်ပါသည်။ ထိုနည်းတူ မိမိတို့ နိုင်ငံတစ်ဝန်းလုံးရှိ ပြည်နယ်/တိုင်း အသီးသီးတွင်လည်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အခမ်းအနားများကို တူညီသောရည်မှန်းချက်ဖြင့် လှုပ်ရှားဆောင်ရွက်နေကြလိမ့်မည်ဟု ယုံကြည်ပါသည်။

အရှိန်အဟုန်မြှင့်ဆောင်ရွက်

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပြဿနာများကို ခေတ်အဆက်ဆက် အစိုးရများမှ မိမိနိုင်ငံ၏ ကိုယ်ပိုင်စွမ်းအား အရင်းအမြစ်များနှင့် ဖြေရှင်းကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် (၁၅)နှစ်စီမံကိန်း ရေးဆွဲပြီး ၁၉၉၉- ၂၀၀၀ပြည့်နှစ်မှ စတင်အကောင်အထည်ဖော်လျက်ရှိရာ ယခုအခါ တတိယ (၅)နှစ်စီမံကိန်း၏ ပထမနှစ်သို့ ရောက်ရှိနေပြီး ပထမ(၅)နှစ်နှင့် ဒုတိယ (၅)နှစ်စီမံကိန်းကာလ ရည်မှန်းချက်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့ပြင် ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၂၃ရက်နေ့မှစ၍ ပြည်နယ်/တိုင်း/ခရိုင်/မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့များ ပြင်ဆင်ဖွဲ့စည်းပြီး ကျေးလက်ဒေသများပါမကျန် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။ ပြည်နယ်/တိုင်း/ခရိုင်/မြို့နယ် အဖွဲ့များအနေဖြင့် မိမိတို့ ဒေသအသီးသီးတွင် မူးယစ်ဆေးဝါး အလွဲသုံးမိသဖြင့် ဆေးစွဲသူဘဝ ရောက်ရှိနေသူများအား မူးယစ်ဆေးလွှမ်းမိုးမှုမှ ကင်းဝေးရန်နှင့် ဘဝတစ်သက်တာ မူးယစ်ကင်းစင်သည့်ဘဝ ပြန်လည်ရောက်ရှိအောင် ပညာပေးပြုစုကုသရေး ဆောင်ရွက်ပေးကြရန် တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

ဤနှစ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့၏ ဦးတည်ချက်နှင့်ပတ်သက်ပြီး ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC) မှ ချမှတ်ပေးလိုက်သော ၂၀၀၉ခုနှစ် ဆောင်ပုဒ်မှာ **“မူးယစ်ဆေးလွှမ်းမိုးနေရင် မင်းဘဝ၊ မင်းမိသားစု၊ မင်းပတ်ဝန်းကျင် မလုံခြုံပါ”**။ “No individual, family or community is safe where illicit drugs take control”ဟူ၍ ဖြစ်ပါသည်။

တွန်းလှန်ဖြိုဖျက်

အဆိုပါဆောင်ပုဒ်၏ ရည်ရွယ်ချက်မှာ မည်သည့်ပတ်ဝန်းကျင် လူနေမှုဘဝမျိုးမှာမဆို မိသားစုများတွင် မူးယစ်ဆေးဝါး ထိုးဖောက်ဝင်ရောက်လာလျှင် လုံခြုံစိတ်ချရသောအခြေအနေကို ပျက်ပြားစေပြီး ဒုက္ခအမျိုးမျိုးနှင့် သောကတွေ ပင်လယ်ဝေသည်ကို ဖော်ညွှန်းပါသည်။ မူးယစ်ဆေးဝါးကို စွဲလမ်းစွာသုံးစွဲပါက မူးယစ်ဆေးဝါးအန္တရာယ်ကြောင့် ဘေးဒုက္ခအဖုံဖုံနှင့် ရောဂါအန္တရာယ်ဆိုးကြီးဖြစ်သည့် HIV/AIDS စသည့် ရောဂါများဖြစ်ပွားပြီး လူငယ်များဘဝမှာ ပန်းတိုင်မရောက်မီ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ထို့ကြောင့် လူငယ်များဘဝအတွင်းမှာရော လူသားအားလုံးရဲ့ ဘဝပတ်ဝန်းကျင်တစ်ခုလုံးမှာပါ မူးယစ်ဆေးဝါးဆိုသည့် အန္တရာယ်ဆိုးကြီး ဝင်ရောက်မလာနိုင်ရန် ပြည်သူလူထုတစ်ရပ်လုံး ညီညွတ်စွာ ပူးပေါင်းပါဝင်ကာကွယ်တွန်းလှန် ဖြိုဖျက်ပစ်ရမှာ ဖြစ်ပါသည်။

မူးယစ်ဆေးဝါး ကင်းစင်လုံခြုံသော ပတ်ဝန်းကျင်ဖြစ်စေရန် ရည်ရွယ်ပြီး မူးယစ်ဗဟိုအဖွဲ့၏ လုပ်ငန်းအဖွဲ့အသီးသီးမှလည်း စီမံချက်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် ကျောင်းသားလူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှု ကင်းစင်ရေးအတွက် သက်ဆိုင်ရာ ဆရာ၊ ဆရာမများက ပညာပေးဆွေးနွေးခြင်း၊ စာပေ၊ ဂီတ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာစသည့် ပြိုင်ပွဲများတွင် ကျောင်းသားလူငယ်များအား အဓိကပါဝင်ယှဉ်ပြိုင်စေခြင်းဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှု ကာကွယ်ပညာပေးရေးကို များစွာအထောက်အကူပြုစေခဲ့ပါသည်။

ပြန်လည်ထူထောင်

မူးယစ်ဆေးဝါးပပျောက်ရေးအတွက် မူးယစ်ဆေးစွဲသူများအား ကျန်းမာရေးဦးစီးဌာနတွင် ဆေးကုသမှုခံယူစေပြီးနောက် ပြန်လည်ထူထောင်ရေးစခန်း ခုနစ်ခုတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ သင်ကြားပေးလျက်ရှိပြီး မူးယစ်ဗဟိုအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရွှေပြည်သာ၊ ရွှေပြည်အေး၊ ရွှေပြည်သစ် လူငယ်ပြုစုပျိုးထောင်ရေး စခန်းသုံးခုကို ဖွင့်လှစ်၍ မူးယစ်ဆေးစွဲသူများ ဆေးကုသပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြည်နယ်/တိုင်းများအလိုက် မူးယစ်ဆေးဝါးသုံးစွဲသူများ အခြေခံစာရင်းကောက်ယူရေးလုပ်ငန်းအရ ၂၀၀၅ခုနှစ်တွင် မူးယစ်ဆေးသုံးစွဲသူ ၆၁၄၅၅ဦးရှိရာမှ ၂၀၀၉ခုနှစ် ဇန်နဝါရီလအထိ စာရင်းကောက်ယူရာတွင် ၅၂၆၈၇ဦးသာ ရှိကြောင်း တွေ့ရှိရသဖြင့် မူးယစ်ဆေးဝါးသုံးစွဲသူများ အရေအတွက် တစ်နှစ်ထက်တစ်နှစ် လျော့နည်းကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

ကျဆင်းခဲ့

မူးယစ်ဆေးဝါး ကင်းစင်ပပျောက်စေရန် ကြိုးပမ်းမှု၏ ရလဒ်တစ်ခုအဖြစ် လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း တရားမဝင်ဘိန်းစိုက်ပျိုးမှုသည် ၂၀၀၁ခုနှစ်တွင် ၁၀၅၀၀၀ဟက်တာမှ ၂၀၀၆ခုနှစ်တွင် ၂၁၅၀၀ဟက်တာအထိ ကျဆင်းခဲ့သဖြင့် ရာနှုန်းအားဖြင့် ၆၁ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ၂၀၀၇ခုနှစ်တွင် စိုက်ပျိုးမှု ၂၇၇၀၀ ဟက်တာရှိခဲ့ရာမှ ၂၀၀၈ခုနှစ်တွင် ၂၈၅၀၀ဟက်တာရှိသဖြင့် ၂၀၀၇ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၂၀၀၈ခုနှစ်အတွင်း စိုက်ပျိုးမှု သုံးရာခိုင်နှုန်း ပြန်လည်တိုးတက်ခဲ့သော်လည်း ထုတ်လုပ်မှုအနေဖြင့် ၂၀၀၇ခုနှစ်တွင် မက်ထရစ်တန် ၄၆၀ထုတ်လုပ်ခဲ့ရာမှ ၂၀၀၈ခုနှစ်တွင် တန်၄၁၀အထိ လျော့နည်းခဲ့သဖြင့် ရာခိုင်နှုန်းအားဖြင့် ၁၁ရာခိုင်နှုန်း လျော့ချနိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကဏ္ဍတွင် တားဆီးနှိမ်နင်းရေးအဖွဲ့များမှ အိမ်နီးချင်း ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့ရှိ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့များနှင့် သတင်းအပြန်အလှန်ဖလှယ်၍ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းကြောင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ အောင်မြင်ခဲ့ပါသည်။ မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့်အတွက် ဒေသအတွင်း/ဒေသခွဲအတွင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပြီး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခြင်းကြောင့် ဂိုဏ်းဖွဲ့၍ နိုင်ငံဖြတ်ကျော် မူးယစ်ဆေးဝါးပြစ်မှုကျူးလွန်သူများကို ထိထိရောက်ရောက် ဖမ်းဆီးတရားစွဲဆိုနိုင်ခဲ့ရာ တားဆီးနှိမ်နင်းရေးကဏ္ဍ၏ အောင်မြင်မှုတစ်ရပ်ဖြစ်ပါသည်။

လက်တွဲညီညီ

သို့ဖြစ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကုလသမဂ္ဂအဖွဲ့ကြီး၏ ၂၀၀၉ခုနှစ် ဆောင်ပုဒ်ဖြစ်သည့် **“မူးယစ်ဆေးလွှမ်းမိုးနေရင် မင်းဘဝ၊ မင်းမိသားစု၊ မင်းပတ်ဝန်းကျင်မလုံခြုံပါ။” “No individual, family or community is safe where illicit drugs take control”**ဟူသော ဆောင်ပုဒ်နှင့်အညီ လူသားတစ်ရပ်လုံး၏ ဘဝပတ်ဝန်းကျင်တစ်ခုလုံး မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးစေရန် ပြည်သူလူထုတစ်ရပ်လုံး လက်တွဲညီညီ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

ကြည့်ရှုလေ့လာ

ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း ၂၀၀၉-၂၀၁၀ ပညာသင်နှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန်၂၄ရက်တွင် အဆိုပါကျောင်း၌ ကျင်းပရာ နံရံကပ်စာစောင်ကို ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

တိုက်ဖျက်မနှေး မူးယစ်ဆေး

- မူးယစ်ဆေးဝါး၊ လွဲသုံးစားနှင့်
ဖောက်ကားရောင်းဝယ်၊ ပြုမှုလွယ်လျှင်
သူကြွယ်၏သား၊ ဖြစ်သော်ငြားလည်း
သွေးသားခန်းလျက်၊ စီးပွားပျက်၏။

- ဆွေဖျက်မျိုးဖျက်၊ လူမျိုးဖျက်မည့်
လက်နက်အစစ်၊ သည်မူးယစ်ကို
မချစ်လုံးလုံး၊ မုန်းကြီးမုန်း၍
မသုံးမစား၊ မဖောက်ကားဘဲ
ရှောင်ရှားဝေးဝေး၊ ကင်းစင်ရေးတွက်
မျှော်တွေးချင့်လျက်၊ ဒို့တိုက်ဖျက်အံ့
တွဲလက်ခိုင်ခိုင် မြဲမြဲတည်း။ ။

တက္ကသိုလ်ညိုညိုသန့်

၂၀၀၉ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့ အထိမ်းအမှတ် ဂျူဒိုပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၅

မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၀၉ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် ဂျူဒိုပြိုင်ပွဲကို ဇွန် ၂၂ရက်တွင် ရန်ကုန်မြို့ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းရှိ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဂျူဒိုလေ့ကျင့်ရေးခန်းမ၌ ကျင်းပပြီး ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ကီလို ၉၀တန်းအောက်ပြိုင်ပွဲတွင် ပထမရရှိသော Shunichi SAITO (ဂျပန်)၊ ဒုတိယရရှိသော ဇင်လင်းအောင် (လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန) နှင့် တတိယရရှိသော ရန်နိုင်စိုး (ပြည်ထဲရေးဝန်ကြီးဌာန) တို့အားလည်းကောင်း၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ကီလို ၆၀တန်းအောက်ပြိုင်ပွဲတွင် အေးမြင့်လွင် (ကာကွယ်ရေးဝန်ကြီးဌာန)က ပထမ၊ ဝင်းလှိုင်ထွေး (ကာကွယ်ရေးဝန်ကြီးဌာန)က ဒုတိယ၊ ဖြိုးကိုကိုနှင့် ဘိုဇော်မြင့် (အားကစားနှင့် ကာယပညာသိပ္ပံ)တို့က ပူးတွဲတတိယတို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းက ၇၃ကီလိုတန်းအောက်ပြိုင်ပွဲတွင် ပထမရရှိသော ဇော်နိုင် (အမှတ်–၁၊ စက်မှုဝန်ကြီးဌာန)၊ ဒုတိယ စိုင်းဝေလင်းနောင်(ဆောက်လုပ်ရေးဝန်ကြီးဌာန)၊ ပူးတွဲတတိယ ရရှိကြသော အောင်မိုးမြတ်နှင့် ကျော်ဝင်းဦး(ကာကွယ်ရေးဝန်ကြီးဌာန) တို့အား လည်းကောင်း၊ တာဝန်ရှိသူများက အတန်းလိုက် ပြိုင်ပွဲများတွင် ဆုရရှိသူများအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)** **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၆-၆-၂၀၀၉ ရက်
(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၀၀ ၆။ ကြေးမုံရိပ်သွင်တေးနှယ်ဥ
၈:၁၅ ၇။ ငြိမ်းချမ်းဖွံ့ဖြိုး အလှတိုးသည့် မြို့လားရှိုး
၈:၂၀ ၈။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ တေးများ
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ အကပြိုင်ပွဲ
၈:၅၀ ၁၁။ ညှော်မယ်ဗျို့

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၄:၂၀ ၃။ မြန်မာစာ၊မြန်မာစကား
၄:၃၀ ၄။ နှောင်းခေတ်တေးပဒေသာ
၄:၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ- ပထမနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀ ၇။ သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်
၅:၁၅ ၈။ ချစ်စရာ့အရွယ်ကစားကြမယ်
၅:၄၀ ၉။ ဂုဏ်ရည်မြင့်မား စွမ်းဆောင်ရှင် မြန်မာအမျိုးသမီးများ
၅:၅၀ ၁၀။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ တေးများ
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ သုတစုံလင်ရွှေညာဏ်ရှင်
၇:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **နားခိုရာရင်ခွင် (အပိုင်း-၂၂)**
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ (အပိုင်း-၃၅)**
၁၉။ သီချင်းချစ်သူ

ပြည်သူများ စာပေလေ့လာဖတ်ရှုမှု ပိုမိုတိုးတက်အောင်ဆောင်ရွက် ထပ်ဆင့်လွှင့်စက်နှင့် တာဝါတိုင်များကြံ့ခိုင်ရေး စနစ်တကျထိန်းသိမ်း

နေပြည်တော် ဇွန် ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇွန် ၁၉ ရက် နံနက် ၇ နာရီတွင် မကွေးတိုင်း ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ သွားရောက်၍ ရုံးအတွင်းစာအုပ်၊ စာစောင်များ ထိန်းသိမ်းထားရှိမှုနှင့် ပြည်သူများစာအုပ် စာပေ လာရောက်လေ့လာဖတ်ရှုမှုအခြေအနေ၊ နံရံကပ်စာစောင်များ၊ ပိုစတာများ ပြင်ဆင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူများ စာပေလေ့လာဖတ်ရှုမှု ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးသည် ထီးလင်းမြို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူက ပတ်ဝန်းကျင်ဒေသများသို့ ရုပ်မြင်သံကြားထုတ်လွှင့် ဆောင်ရွက်ပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထိန်းသိမ်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးသည် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်နှင့် တာဝါတိုင်များ ကြံ့ခိုင်ရေးကို သတ်မှတ်ချက်များအတိုင်း စနစ်တကျထိန်းသိမ်းဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ပြန်တမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်(၂)အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ထီးလင်းမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဗိုလ်လုပွဲ တက်ရောက်နိုင်ခွင့်အတွက်

မကွေး F.C ကို အနိုင်ကစားခဲ့တဲ့ ရတနာပုံအသင်း

သတင်းမြင်ကွင်း - ဖိုးသော်ဇင် ဓာတ်ပုံမှတ်တမ်း - တင်စိုးနှင့် သိန်းဝင်းလေး (မြန်မာ့အလင်း)

စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း (မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၅

MNL Cup Grand Royal 2009 ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၂)ကို ယနေ့ညနေ၄နာရီက သုဝဏ္ဏကွင်းတွင် ဆက်လက် ကျင်းပရာ မန္တလေးတိုင်းကိုယ်စားပြု ရတနာပုံF.C က မကွေးတိုင်းကိုယ်စားပြု မကွေး F.C ကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိသွားပါတယ်။

ရတနာပုံ F.C - နှစ်ဂိုး
မကွေး F.C - တစ်ဂိုး

ဗိုလ်လုပွဲ တက်ခွင့်

အခုပွဲကတော့ နှစ်သင်းစလုံးအတွက် ဗိုလ်လုပွဲတက်ရေး အဆုံးအဖြတ်ပွဲဖြစ်တာကြောင့် လူစုံတက်စုံထုတ်ပြီး ရင်ဆိုင်ခဲ့ကြပါတယ်။ ရတနာပုံ F.C ကတော့ သရေကျလို့တောင် မရတာကြောင့် အနိုင်ရဖို့အတွက် ကြိုးစားခဲ့ပါတယ်။ ရန်ပိုင်၊ ထွန်းထွန်းဝင်း၊ အောင်ကျော်မိုး၊ ဘာဘို၊ ဂျီနွန်ဆီယန်တို့အပြင် ထိုင်းပရီမီယာလိဂ်ကလပ် မြောင်တောင် F.C မှာ စာချုပ်ပြည့်သွားတဲ့ မယ်လာရီတို့ အပါအဝင် လူစုံထုတ် ကစားခဲ့တဲ့ ရတနာပုံ အသင်းဟာ ကစားပုံ ပိုကောင်းခဲ့သလို အမှားများခဲ့တဲ့ မကွေး F.C နောက်တန်းကြောင့် အနိုင်ရခဲ့တယ်ဆိုရင် မမှားပါဘူး။ ရတနာပုံ F.C ကတော့ အခုပွဲအနိုင်ရခဲ့လို့ ဗိုလ်လုပွဲတက်ဖို့အခွင့်အလမ်းကောင်းသွားပြီဖြစ်ပြီး ဥသာယူနိုက်တက်ကို နောက်ဆုံးပွဲမှာ အနိုင်ကစားနိုင်တာနဲ့ ဗိုလ်လုပွဲတက်ခွင့် ရရှိတော့မှာ ဖြစ်ပါတယ်။

အခုပွဲ သရေကျရင်တောင် ဗိုလ်လုပွဲတက်ဖို့ အခွင့်ကောင်းတွေ ပိုင်ဆိုင်နိုင်မယ့် မကွေး F.C ကတော့ ပထမဦးဆုံးရှုံးပွဲနဲ့ စတင်ရင်ဆိုင်ခဲ့ရသလို ဗိုလ်လုပွဲတက်ဖို့လည်း မသေချာ မရေရာ ဖြစ်သွားရပါတယ်။ အခုပွဲ အရှုံးရလဒ်ကြောင့် မကွေး F.C ဟာ ဂိုးကွာခြားချက်နဲ့ တတိယနေရာအထိ ရောက်ရှိသွားခဲ့ပြီး ဗိုလ်လုပွဲတက်ဖို့ ရန်ကုန်ယူနိုက်တက်နဲ့ ဒဲလ်တာယူနိုက်တက် ပွဲရလဒ်ကို စောင့်ကြည့်ရမှာဖြစ်သလို နောက်ဆုံးပွဲမှာလည်း ကမ္ဘောဇ F.C ကို ဂိုးများများနဲ့ အနိုင်ယူနိုင်ဖို့ လိုအပ်သွား ခဲ့ပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့ပွဲတွေမှာ ရလဒ်ကောင်းတွေရရှိခဲ့တဲ့ မကွေး F.C ဟာ ရတနာပုံ F.C ကို အရေးနိမ့်ခဲ့ပြီး ဗိုလ်လုပွဲတက်ဖို့ မသေချာဖြစ်ခဲ့ရသလို နောက်ထပ် ထိုးနှက်ချက်တစ်ခုကတော့ တိုက်စစ်မှူးစည်သူဝင်း ပထမပိုင်းမှာဂိုးရရှိဖို့ ကြိုးစားရင်း ခြေသလုံးရိုးကျိုးသွားခဲ့တာပါပဲ။ ဒါ့အပြင် အသင်းခေါင်းဆောင်လွင်ဦးကလည်း တတိယမြောက် အဝါကတ်ထိခဲ့တာကြောင့် ကမ္ဘောဇနဲ့ အရေးပါတဲ့ နောက်ဆုံးပွဲမှာ ရှုံးကန်ရတော့မှာ ဖြစ်ပါတယ်။

MNL CUP GRAND ROYAL 2009



အကောင်းဆုံး ဘောလုံးသမား ဆုရ ရတနာပုံ F.C အသင်းမှ နံပါတ် ၁၉ အောင်ကျော်မိုးအား ဆုယူအပြီး တွေ့ရစဉ်။
(မြန်မာ့အလင်း)

ကန်သွင်းယူ

ရတနာပုံ F.C ကတော့ အနိုင်ရမှ ဖြစ်မှာကြောင့် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး မကွေး F.Cကတော့ အရင်ပွဲတွေလောက် ကစားပုံမကောင်းခဲ့ပါဘူး။ လေးမိနစ်မှာတော့ မကွေး F.C ဂိုးစရခဲ့ပြီး စိုးမင်းနိုင်က သွင်းယူခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာ ရတနာပုံ F.C ဟာ ချေပဂိုးရဖို့ တိုက်စစ်အား မြှင့်ခဲ့သလို ဘာဘိုနဲ့ မယ်လာရီတို့ရဲ့ တောင်ပံတိုက်စစ်၊ ရန်ပိုင်၊ အောင်ကျော်မိုးနဲ့ ထွန်းထွန်းဝင်းတို့ရဲ့ အလယ်ကြောက ထိုးဖောက်မှုတွေကို မကွေးခံစစ်ပိုင်း လုံးဝမထိန်းချုပ်နိုင်ခဲ့ပါဘူး။ ပြီးခဲ့တဲ့ငါးပွဲမှာ နှစ်ဂိုးသာပေးခဲ့ရတဲ့ မကွေးနောက်တန်းဟာ အခုပွဲမှာ အမှားများခဲ့ပြီး ၂၂မိနစ်မှာ ချေပဂိုးပြန်ပေးခဲ့ရပါတယ်။ ဘာဘိုအလယ်ကြောက ပေးတာကို အောင်ကျော်မိုးက လွတ်လွတ်ကျွတ်ကျွတ်ဆွဲပြေးပြီး ကန်သွင်းယူခဲ့တာ ဖြစ်ပါတယ်။

ခြေသလုံးရိုးကျိုး

သရေဖြစ်ပြီးတဲ့ နောက်ပိုင်းမှာ ဂိုးပြန်ရဖို့ ကြိုးစားခဲ့ပေမယ့် ကံဆိုးသွားတာကတော့ ၂၆ မိနစ်မှာ တိုက်စစ်မှူး စည်သူဝင်း ဂိုးရဖို့ ကြိုးစားရင်း ရတနာပုံ F.Cဂိုးသမား ယဉ်မင်းအောင်နဲ့ ထိခိုက်မိကာ ခြေသလုံးရိုးကျိုးသွားခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာ မကွေးတိုက်စစ်အားပျော့သွားခဲ့ပြီး ရတနာပုံတို့ ပိုဖိကစားနိုင်ခဲ့ပါတယ်။ ရတနာပုံအတွက် သုံးမှတ်ပြည့်ရစေမယ့် အနိုင်ဂိုးကိုတော့ ပထမပိုင်းပြီးခါနီးမှာ ထောင့်ကန်ဘောမှ သူရိန်စိုးခေါင်းတိုက်ချပေးတာကို ရန်ပိုင်က မြေမကျ ကန်သွင်းယူခဲ့တာဖြစ်ပါတယ်။

ပွဲကောင်းတစ်ပွဲ

ဒုတိယပိုင်းမှာတော့ ရတနာပုံတိုက်စစ်ပထမပိုင်းကလောက် မကောင်းတော့ဘဲ မကွေးF.Cရဲ့ ဖိကစားခြင်းကို ခံခဲ့ရပါတယ်။ ဒါပေမယ့် မကွေးF.Cတိုက်စစ်ဟာ လိုအပ်ချက်တွေရှိနေခဲ့သလို တောင်ပံတွေနဲ့ အလယ်ကြောကလည်း အရင်ပွဲတွေလောက် ဖန်တီးပေးမှုမလုပ်နိုင်တာကြောင့် အလုပ်မဖြစ်ခဲ့ပါဘူး။ ဘိုဘိုအောင်ကို ထည့်ပြီး တိုက်စစ်အားတင်ပေမယ့် ရတနာပုံနောက်တန်းကို မကျော်နိုင်တာကြောင့် ချေပဂိုးနဲ့ ဝေးခဲ့ရပါတယ်။ ရတနာပုံကတော့ မယ်လာရီရဲ့ဘယ်တောင်ပံကို အားပြုထိုးဖောက်ခဲ့ပေမယ့် ဂိုးထပ်မရတော့ဘဲ ပထမပိုင်းသွင်းယူတဲ့ဂိုးနဲ့ပဲ အနိုင်ရရှိခဲ့ပါတယ်။ ကွင်းလုံးပြည့်လာရောက်အားပေးတဲ့ ပရိသတ်တွေအတွက်လည်း ပွဲကောင်းတစ်ပွဲကို ထပ်မံကြည့်ရှုခဲ့ရတာ ဖြစ်ပါတယ်။ ပွဲအပြီးမှာ အကောင်းဆုံးဆုရ အောင်ကျော်မိုး (ရတနာပုံ)ကို Grand Royal မှ ကျပ် ငါးသိန်း၊ အနိုင်ရရှိသွားတဲ့ ရတနာပုံ F.C ကို ကမ္ဘောဇဘဏ်မှ ကျပ် ၁၀သိန်း ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။

ပါဝင်ကစား

ရတနာပုံ F.C မှာ **ဂိုး**-ယဉ်မင်းအောင်၊ **နောက်တန်း**-ခင်မောင်ထွန်း၊ သူရိန်စိုး၊ ဂျီနွန်ဆီယန်၊ ကမ်ဘူး၊ **အလယ်တန်း**-အောင်ကျော်မိုး၊ ထွန်းထွန်းဝင်း၊ အေးမိုး၊ **ရှေ့တန်း**-ဘာဘို၊ ရန်ပိုင်(တိုရေး)၊ (ရဲဇော်ထက်အောင်)နဲ့ မယ်လာရီတို့ ပါဝင်ကစားခဲ့ပြီး မကွေး F.Cမှာ **ဂိုး**-မျိုးကျော်အောင်၊ **နောက်တန်း**- ညီညီဝင်း၊ လင်းလင်းထွေး၊ ထွန်းထွန်းနိုင်၊နိုင်လင်းထွန်း၊ **အလယ်တန်း**-လွင်ဦး၊ ဇော်ထက်အောင်၊ ပြည့်ဖြိုးဦး(ဘိုဘိုအောင်)၊ စိုးမင်းနိုင်၊ အောင်မြင့်အေးနဲ့ **ရှေ့တန်း** - စည်သူဝင်း (ထွန်းမင်းဦး)တို့ ပါဝင်ကစားခဲ့ကြပါတယ်။

မကွေး F.C နည်းပြချုပ်ဦးကြည်လွင်က "**ကစားပုံကတော့ မကျွာပါဘူး။ ကျွန်တော့်အသင်း နောက်တန်းအမှားကြောင့် အရေးနိမ့်ခဲ့ရတာပါ။ စိုးရိမ်စိတ်များပြီး နောက်ကို အတင်းဆင်းခံနေလို့ ဂိုးတွေ ပေးခဲ့ရပါတယ်။ စည်သူဝင်းကတော့ ဒီနေ့ညမှာ ခွဲစိတ်ပါမယ်။ ကမ္ဘောဇနဲ့ပွဲမှာ အမာခံအချို့မပါပေမယ့် ပြဿနာမရှိပါဘူး။ သူတို့နေရာမှာ ကစားမယ့်သူတွေရှိ ပါတယ်။ ကမ္ဘောဇနဲ့ပွဲမှာ အနိုင်သုံးမှတ် ရယူနိုင်ဖို့ ကြိုးစားသွားမှာပါ**"လို့ ပြောကြားခဲ့ပါတယ်။

ရတနာပုံ နည်းပြချုပ် ရီဟန်က "**အလွန်ခက်ခဲတဲ့ ပွဲတစ်ပွဲပါ။ အနိုင်သုံးမှတ်ရယူနိုင်ခဲ့လို့ သိပ်ပျော်ပါတယ်။ ရန်ပိုင်နေမကောင်းလို့ ပထမပိုင်းပဲကစားနိုင်ပေမယ့် အနိုင်ဂိုးသွင်းနိုင်ခဲ့လို့ ချီးကျူးပါတယ်။ မကွေး F.Cကလည်း အသင်းကောင်းတစ်သင်းပါ။ ဒီပွဲနိုင်ပေမယ့် ဗိုလ်လုပွဲတက်ပြီလို့ မပြောနိုင်သေးပါဘူး။ ဥသာယူနိုက်တက်နဲ့ပွဲက ကျွန်တော်တို့အတွက် အန္တရာယ်အများကြီး ရှိပါတယ်**" လို့ ပြောကြားခဲ့ပါတယ်။

ယနေ့ပွဲ

သုဝဏ္ဏကွင်း

ကမ္ဘောဇ F.C -ဇေယျာရွှေမြေ F.C

(မြန်မာ့အလင်း)

ရတနာပုံ F.C အသင်းနှင့် မကွေး F.C အသင်းတို့ ပွဲစဉ်ကို ဘောလုံးဝါသနာအိုးများ ဤသို့တစ်ခဲနက် အားပေးကြည့်ရှုခဲ့ကြသည်။ (မြန်မာ့အလင်း)

ဇွန် ၂၅ ရက်ပွဲစဉ်အပြီး အသင်းများ၏ ရပ်တည်မှု

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ရတနာပုံ	၆	၄	၂	-	၈	၃	၁၄
ရန်ကုန်ယူနိုက်တက်	၆	၄	၁	၁	၁၁	၆	၁၃
မကွေး	၆	၄	၁	၁	၉	၄	၁၃
ကမ္ဘောဇ	၄	၂	-	၂	၅	၃	၆
ဇေယျာရွှေမြေ	၅	၁	၂	၂	၄	၆	၅
ဥသာယူနိုက်တက်	၆	၁	၂	၃	၄	၈	၅
ဆောက်သမ်းမြန်မာ	၆	၁	၁	၄	၃	၇	၄
ဒဲလ်တာယူနိုက်တက်	၅	-	၁	၄	၂	၉	၁

■ *ကျောဖုံးမှ*

ကြည့်ရှုလေ့လာ

ယင်းနောက် သံတမန်များ၊သတင်းစာဆရာများနှင့် ဖိတ်ကြားထားသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ၆-၅-၂၀၀၉ရက်နေ့ အမေရိကန်နိုင်ငံသား Mr. John William Yettaw အား အင်းလျားကန်ရေပြင်အတွင်း တွေ့ရှိခေါ်ယူစစ်ဆေးစဉ် သိမ်းဆည်းရမိ ပစ္စည်းစာရင်း၊ Mr. Yettaw တည်းခိုခဲ့သော Beauty Land II ဟိုတယ် (၅)ထပ် ဒိုင်းမွန်းအခန်းအတွင်းမှ သိမ်းဆည်းရမိ ပစ္စည်းစာရင်းနှင့် မဲဆောက်မြို့ရှိ AAPP ရုံးသို့ ရောက်ရှိစဉ် ရိုက်ကူးထားသော ဓာတ်ပုံများ၊ Mr. John William Yettaw က ဒေါ်အောင်ဆန်းစုကြည် အိမ်အတွင်းနှင့်ဝန်းကျင်ကို ဓာတ်ပုံရိုက်ကူးထားသည့် ၎င်း၏ ကင်မရာ Memory Card အတွင်းမှ တွေ့ရှိရသော ဓာတ်ပုံများ၊ Beauty Land II ဟိုတယ် ဒိုင်းမွန်းအခန်းတွင် ဖားခြေထောက်စမ်းသပ်တပ်ဆင်လေ့ကျင့်ခြင်း၊ ရပ်ဖျက် စမ်းသပ်ဝတ်ဆင်ခြင်း၊ Memory Card များကို ဆပ်ပြာခဲအတွင်း ဝှက်ခြင်း၊သိမ်းဆည်းခြင်း ထားရှိခဲ့သော ဒေါ်အောင်ဆန်းစုကြည်နေအိမ်အတွင်းမှ သိမ်းဆည်းရမိသည့် ပစ္စည်းစာရင်း၊ ၃၀-၁၁-၂၀၀၈ရက် Mr. Yettaw ဒေါ်အောင်ဆန်းစုကြည်ခြံအတွင်းသို့ ပထမအကြိမ်ဝင်/ထွက် လမ်းကြောင်း မြေပုံကြမ်း၊ Mr. Yettaw ဒေါ်အောင်ဆန်းစုကြည်ခြံ /အိမ် အတွင်းသို့ ၃-၅-၂၀၀၉ ရက်နေ့ အဝင်၊ ၅-၅-၂၀၀၉ ရက်နေ့ အထွက်လမ်းကြောင်းပြ မြေပုံ၊ ၆-၅-၂၀၀၉ ရက်နေ့ Mr. Yettaw အား အင်းလျားကန်ရေပြင်အတွင်း တွေ့ရှိ ခေါ်ယူစစ်ဆေးစဉ် သိမ်းဆည်းရမိသော ပစ္စည်းများ၊ ၇-၅-၂၀၀၉ရက် Mr. Yettaw တို့ကို Mr. John William Yettaw ကိုယ်တိုင် မှတ်တမ်းတင်ထားသည့် ဓာတ်ပုံများ၊ မြန်မာနိုင်ငံအတွင်း၌ ဥပဒေမဲ့ ဆောင်ရွက်ခဲ့သော အမေရိကန်နိုင်ငံသား Mr. John William Yettaw အား ၆-၅-၂၀၀၉ ရက် စတင်ထိန်းသိမ်းသည့်နေ့၌ တွေ့ရသည့် ဓာတ်ပုံနှင့် ၁၉-၆-၂၀၀၉ရက် တွင် လက်ရှိတွေ့ရသည့်ဓာတ်ပုံ၊ Mr. Yettaw ၏ ကိုယ်တိုင်ရေးသား ထွက်ဆိုချက်အချို့နှင့် မြန်မာဘာသာပြန်ဆိုချက်၊ ၇-၅-၂၀၀၉ရက် Mr. Yettaw ထားရှိခဲ့သော ဒေါ်အောင်ဆန်းစုကြည်နေအိမ်အတွင်းမှ သိမ်းဆည်းရမိပစ္စည်းများ၊ ၁၂-၅-၂၀၀၉ ရက် (၁၂:၅၀)အချိန် ဒေါ်အောင်ဆန်းစုကြည်မှ ပေးအပ်သည့် ၎င်းအိမ်တွင် Mr. Yettaw နေထိုင်သွားစဉ်အတွင်း အသုံးပြုရန်ထုတ်ပေးခဲ့သော ပစ္စည်း(၁၁)မျိုး၊၆-၅-၂၀၀၉ ရက် Mr. Yettaw တည်းခိုခဲ့သော Beauty Land II ဟိုတယ်မှ သိမ်းဆည်းရမိ ပစ္စည်းများကို ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

ကြည့်ရှုလေ့လာ

သံတမန်များ၊ သတင်းစာဆရာများနှင့် ဖိတ်ကြားထားသူများ ခန်းမအတွင်း ခင်းကျင်းပြသထားသော သိမ်းဆည်းရမိသည့် ပစ္စည်းများ၊ ဓာတ်ပုံများ၊ ဒေါ်အောင်ဆန်းစုကြည်ခြံအတွင်းသို့ ဝင်/ထွက် လမ်းကြောင်းပြ မြေပုံများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်

ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများစာရင်းကြေညာ

ရန်ကုန် ဇွန် ၂၅

၂၀၀၉ခုနှစ် ဇူလိုင် ၃ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများအား ဖိတ်ခေါ်ကျင်းပခဲ့ပါသည်။ ဆောင်းပါးပြိုင်ပွဲကို **"မြန်မာအမျိုးသမီးဘဝမြှင့်တင်မှ လူမှုဘဝဖွံ့ဖြိုးရ"** ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"သိမ်မွေ့လှပ မြန်မာအမျိုးသမီးဘဝ"** ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပခဲ့ရာ အဆိုပါပြိုင်ပွဲအသီးသီးတွင် ဆုရရှိခဲ့ကြသည့် အမည်စာရင်းအား ပြိုင်ပွဲကျင်းပရေးကော်မတီက ၂၀၀၉ခုနှစ် ဇွန် ၂၅ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ဆောင်းပါး

ဆောင်းပါးပြိုင်ပွဲတွင် ပထမဆု ဒေါက်တာနွယ်နွယ်စိုး(နွယ်လေး-မြန်မာစာ)၊ ဒုတိယဆု မမြတ်သီရိမောင်၊ တတိယဆု မစုခင်လေးဦး(မျိုးမြတ်ဘုန်းစည်)တို့ ရရှိကြသည်။ အထူးဆုများအဖြစ် မောင်ထွန်းထွန်းဝင်း(ခွန်ထီးငယ်-သမိုင်း)၊ ဒေါက်တာစုစုခိုင်၊ မဖင်မာထွေး(လေးသစ္စာ-မကွေး)၊ ဒေါ်ခင်ဝတ်ရည်(ဝတ်ရည်ခင်-ပဲခူး)နှင့် ဒေါ်ချိုနွယ်ဌေးဝင်း(ကြယ်စင်နိုင်)တို့က အသီးသီးဆုရရှိခဲ့ကြသည်။

ရောင်စုံ

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆု A.K.MOE(သတ္တဗေဒ)၊ ဒုတိယဆု ကျော်ကျော်ဝင်း (မြန်မာနိုင်ငံဓာတ်ပုံအသင်း)၊ တတိယဆု လှိုင်သန်းတင့်(ရွှေပန်းချီ- ရမည်းသင်း)တို့ ရရှိကြသည်။ အထူးဆုများအဖြစ် စောအောင်မင်း A.M.P.S (နယူးအာရှဓာတ်ပုံ)၊ချိုချိုမြင့်(စီးပွားရေးတက္ကသိုလ်)၊ ကျော်ကျော်ဝင်း(မြန်မာနိုင်ငံဓာတ်ပုံအသင်း)၊ ကျော်ဝင်းလှိုင်(ယဉ်ကျေးမှုတက္ကသိုလ်)နှင့် ထွန်းဆွေ(လှသရဖူ-မိုးကုတ်)တို့က အသီးသီးဆုရရှိခဲ့ကြသည်။

ဆုရရှိသူများအား ဇူလိုင် ၃ရက်တွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကကျင်းပမည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနား၌ ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

ဆုရရှိသူများသည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမှတ် ၁၃၂ သံလွင်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၀၁၇၇၃ နှင့် ပြိုင်ပွဲကျင်းပရေးကော်မတီ အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂တို့သို့ ဇွန် ၂၈ရက် နောက်ဆုံးထား၍ ဆက်သွယ်သတင်းပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သွေးလွန်တုပ်ကွေးကာကွယ်ရေး ကလေးမြို့၌ ဆောင်ရွက်

ကလေး ဇွန် ၂၅

ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် အောင်မင်္ဂလာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပူးပေါင်းပြီး မိုးရာသီသွေးလွန်တုပ်ကွေး ကာကွယ်တားဆီးသည့်အနေဖြင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို မေ ၃၀ရက်မှ ဇွန် ၁၅ရက်အထိ အောင်မင်္ဂလာရပ်ကွက်အတွင်းတွင်လည်းကောင်း၊ ဇွန် ၁၅ရက်တွင် အဖွဲ့ပိုင် မြို့မဈေးအတွင်းတွင်လည်းကောင်း အဖွဲ့ပိုင် ခြင်ဆေးဖျန်းစက်ဖြင့် သွားရောက်ဆောင်ရွက်ခဲ့သည်။

ကြီးကြပ်ဆောင်ရွက်

အဆိုပါ ခြင်ဆေးဖျန်းသည့်လုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး(ဈေး)ဦးဇော်ဇော်ထွန်း၊ ဒုတိယဦးစီးမှူး(သန့်) ဦးလှမျိုးအောင်တို့ ဦးဆောင်ပြီး အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးဟိန်းက ကြီးကြပ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရေစီးရေလာကောင်းမွန်ရေး ချောင်းဆုံစည်ပင် ကွင်းဆင်းဆောင်ရွက်

ချောင်းဆုံ ဇွန် ၂၅

ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဗိုလ်ချုပ်လမ်းဘေးဝဲယာ တစ်လျှောက် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေမြောင်းများ တူးဖော်ခြင်း ဆောင်ရွက်ရာသို့ ဇွန် ၂၂ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးရဲဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်ကြည်တို့က ရှင်းလင်းတင်ပြ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ၌ မိုးပိုမိုလာနိုင်

ရန်ကုန် ဇွန် ၂၅

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းတွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ နေပြည်တော်တွင် ၀ ဒသမ ၀၈ လက်မ၊ ကျိုင်းတုံမြို့တွင် ၁ ဒသမ ၆၁ လက်မ၊ ပြည်မြို့နှင့် ဓနိးတူမြို့တို့တွင် ၁ ဒသမ ၁၄ လက်မစီ၊ ဗန်းမော်မြို့တွင် ၁ ဒသမ ၁၀ လက်မ၊ ဖျာပုံမြို့တွင် ၁ ဒသမ ၀၇ လက်မနှင့် စစ်တွေမြို့တွင် ၀ ဒသမ ၉၉ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

ဇွန် ၂၆ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်ပါသည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

● *ကျောဖုံးမှ*

သံတမန်များ၊ ပြည်တွင်း/ပြည်ပ သတင်းဌာနများမှ သတင်းစာဆရာကြီးများနဲ့ ပြည်တွင်းဂျာနယ် မဂ္ဂဇင်းများမှ သတင်းတာဝန်ခံများခင်ဗျား-

ကျွန်တော်ကတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးတာဝန်များကို ထမ်းဆောင်ရတဲ့ ဝန်ထမ်းအဖွဲ့အစည်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ကန့်သတ်/တားဆီးမိန့်အရ ဒေါ်အောင်ဆန်းစုကြည်ရဲ့ လှုပ်ရှားဆောင်ရွက်မှုများကို ကန့်သတ်တားဆီးမှု ပြုလုပ်ရသလို ဒေါ်အောင်ဆန်းစုကြည်ရဲ့ လုံခြုံရေးအတွက်လည်း တာဝန်ယူဆောင်ရွက်ပေးရပါတယ်။ ဒီလို လုံခြုံရေးအတွက် တာဝန်ယူဆောင်ရွက်ရင်း တားဆီးမိန့် ထုတ်ပြန်ထားတဲ့ ကန့်သတ်နယ်မြေဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်နေအိမ်အတွင်း လျှို့ဝှက်ဝင်ရောက်နေထိုင်ပြီး ပြန်ထွက်လာတဲ့ Mr. John William Yettaw ကို တွေ့ရှိ ထိန်းသိမ်းနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ မိမိတို့မှာ လုံခြုံရေးအတွက် တာဝန်ရှိတာနဲ့အညီ Mr. John William Yettaw ၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမတို့ အမှုကိစ္စနဲ့ပတ်သက်ပြီး တာဝန်အရ လိုအပ်တဲ့ စစ်ဆေးမေးမြန်းခြင်း၊ ရှာဖွေစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ရပါတယ်။ ဒါကြောင့် ဒီနေ့ရှင်းလင်းပွဲမှာ Mr. John William Yettaw နဲ့ ပတ်သက်ပြီး ကျွန်တော်တို့ရဲ့ စစ်ဆေးမေးမြန်းရရှိချက်၊ ရှာဖွေစစ်ဆေးတွေ့ရှိချက်၊ မြေပြင်ဖော်ထုတ် တွေ့ရှိချက်တွေကို သံတမန်များနဲ့ ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများ သိရှိနိုင်အောင် ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

သံတမန်များနဲ့ ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား-

ပထမဦးစွာ Mr. John William Yettaw ကို ဖမ်းဆီးရမိတဲ့ဖြစ်စဉ်ကို အကျဉ်းမျှ ပြန်ပြီးတင်ပြလိုပါတယ်။ အားလုံးသိပြီးဖြစ်တဲ့အတိုင်း ၆-၅-၂၀၀၉ရက်နေ့ နံနက်၀၅း၄၀နာရီခန့်မှာ ကန်သာယာဆေးရုံဟောင်းနဲ့ကိုက်(၅၀)ခန့်အကွာ၊ အမေရိကန်သံရုံး ယာယီတာဝန်ခံ နေအိမ်နဲ့ကိုက်(၃၀)ခန့်အကွာ အင်းလျားကန်ရေပြင်အတွင်းမှာ ကျောပိုးအိတ်နဲ့အတူ ၅လီတာဆံ့ ရေသန့်ဘူးခွံ (၂)ခုရဲ့ အကူအညီနဲ့ ရေကူးနေတဲ့ မသင်္ကာဖွယ် နိုင်ငံခြားသားတစ်ဦးကို လုံခြုံရေးအဖွဲ့က စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ အဲဒီ နိုင်ငံခြားသားကို ကန်သာယာဆေးရုံဟောင်းဝင်းအတွင်း အခြေပြုထားတဲ့ ဒေါ်အောင်ဆန်းစုကြည်နေအိမ် အဝေးစည်းလုံခြုံရေးကင်းဖြစ်တဲ့ အမှတ်(၇)ရဲတပ်ရင်းမှ တာဝန်ကျတပ်ဖွဲ့ဝင်များက တွေ့ရှိခဲ့ခြင်းဖြစ်ပါတယ်။

လုံခြုံရေးအဖွဲ့အနေနဲ့ အဲဒီနိုင်ငံခြားသားကို တွေ့ရှိခေါ်ယူစစ်မေးခဲ့ရာမှာ အဲဒီပုဂ္ဂိုလ်ဟာ Mr. John William Yettaw ဖြစ်ပြီး သူနဲ့အတူ ကျောပိုးအိတ်(၂)လုံး၊ ကင်မရာ(၁)လုံး၊ Memory Card (၆)ခု အပါအဝင် ပစ္စည်း(၂၁)မျိုးတို့ကို တွေ့ရှိခဲ့ရပါတယ်။ ၎င်းပစ္စည်းများ စာရင်းကိုလည်း သံတမန်များ၊ သတင်းစာဆရာကြီးများ လေ့လာနိုင်အောင် Board မှာ ကပ်ပြီး ပြသထားပါတယ်။ Mr. John William Yettaw နဲ့ အတူ ပါရှိခဲ့တဲ့ပစ္စည်းများအနက် ကင်မရာကို စစ်ဆေးကြည့်လိုက်တဲ့အခါ ဒေါ်အောင်ဆန်းစုကြည်နေအိမ်အတွင်း ရိုက်ကူးထားတဲ့ပုံများ၊ ဒေါ်အောင်ဆန်းစုကြည်နေအိမ်အတွင်းရှိ ပစ္စည်းများနှင့် အတူ ၎င်း၏ကိုယ်တိုင်ပုံပါ ပါဝင်အောင် ရိုက်ကူးထားတဲ့ပုံများကို တွေ့ရှိခဲ့ရပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့အနေနဲ့ Mr. John William Yettaw ကို ခေတ္တထိန်းသိမ်းပြီး လိုအပ်တဲ့ စစ်ဆေးမေးမြန်းမှုတွေ၊ ရှာဖွေသိမ်းဆည်းမှုတွေ ဆက်လက်ဆောင်ရွက်ခဲ့ရပါတယ်။



အမေရိကန်နိုင်ငံသား Mr. John William Yettaw ဒေါ်အောင်ဆန်းစုကြည် နေအိမ်အတွင်း လျှို့ဝှက်ဝင်ရောက်ခဲ့မှုနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတွင်ခင်းကျင်းပြသထားသော သိမ်းဆည်းရမိသည့် ပစ္စည်းများ၊ ဓာတ်ပုံများ၊ ဒေါ်အောင်ဆန်းစုကြည် ခြံအတွင်းသို့ ဝင်/ထွက် လမ်းကြောင်းပြ မြေပုံများကို တွေ့ရစဉ်။ (သတင်းစဉ်)

အမေရိကန်နိုင်ငံသား Mr. John William Yettaw ဒေါ်အောင်ဆန်းစုကြည် နေအိမ်အတွင်း လျှို့ဝှက်ဝင်ရောက်ခဲ့မှုနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတွင်ခင်းကျင်းပြသထားသော သိမ်းဆည်းရမိသည့် ပစ္စည်းများ၊ ဓာတ်ပုံများ၊ ဒေါ်အောင်ဆန်းစုကြည် ခြံအတွင်းသို့ ဝင်/ထွက် လမ်းကြောင်းပြ မြေပုံများကို တွေ့ရစဉ်။ (သတင်းစဉ်)

ရေကူးဝင်ရောက်ခဲ့

စစ်ကြောချက်များအရ Mr. John William Yettaw ဟာ ၂-၅-၂၀၀၉ ရက်နေ့မှာ ရန်ကုန်မြို့ကို ရောက်ရှိခဲ့ပြီး အမှတ်(၁၈၈/၁၉၂)၊ (၃၃)လမ်း၊ (၁)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်ရှိ Beauty Land Hotel (2) မှာ တည်းခိုခဲ့ပါတယ်။ ၃-၅-၂၀၀၉ရက်နေ့ ညပိုင်းမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်သို့ အင်းလျားကန်အတွင်းမှတစ်ဆင့် ရေကူးဝင်ရောက်ခဲ့ပြီး ၅-၅-၂၀၀၉ရက်နေ့ ညပိုင်းမှာ ပြန်လည်ထွက်ခွာခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်မှာ ၄-၅-၂၀၀၉ရက်နေ့ နံနက် ၀၄း၀၀နာရီခန့်မှ ၅-၅-၂၀၀၉ရက်နေ့ ညပိုင်း (၁၁)နာရီကျော်သည်အထိ နေထိုင်ခဲ့ပြီး နေအိမ်အတွင်းနဲ့ ပတ်ဝန်းကျင်ကို သူကိုယ်တိုင် ဓာတ်ပုံများရိုက်ခဲ့ကြောင်း စစ်ဆေးဖော်ထုတ် တွေ့ရှိရပါတယ်။ Mr.John William Yettaw ဟာ ၅-၅-၂၀၀၉ရက်နေ့ ည (၁၁)နာရီနောက်ပိုင်းမှာ ဒေါ်အောင်ဆန်းစုကြည်နေအိမ်ကနေ ရေကူးပြီး ပြန်လည်ထွက်ခွာခဲ့ရာမှာ ၆-၅-၂၀၀၉ရက်နေ့ နံနက်ပိုင်းမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များရဲ့ တွေ့ရှိစစ်ဆေးထိန်းသိမ်းမှုကို ခံခဲ့ရခြင်းဖြစ်ပါတယ်။

စစ်ကြောရာတွင် Mr.John William Yettaw ရဲ့ ထွက်ဆိုချက်များအရ ၎င်းရဲ့ ကိုယ်ရေးအကျဉ်းကိုလည်း ဖော်ထုတ်ခဲ့ပါတယ်။ Mr.John William Yettaw ဟာ အသက် (၅၄)နှစ်ရှိ အမေရိကန်လူမျိုးဖြစ်ပါတယ်။ (အဘ) Jerome William Yettaw (အမိ) Elizabeth Bouchop Fogo Yettaw တို့မှ ၆-၉-၁၉၅၅နေ့မှာ Mt Carmel General Hospital Detroit, Michigan,U.S.A မှာ မွေးဖွားခဲ့ပါတယ်။ သူ့ရဲ့ဇာတိက Michigan ပြည်နယ် Detroit မြို့ဖြစ်ပါတယ်။ မွေးချင်း(၅)ဦးရှိတဲ့အနက် အငယ်ဆုံးသားဖြစ်ပါတယ်။ သူ့မှာ ဇနီး(၄)ဦးရှိပြီး ယခုအခါ စတုတ္ထဇနီး Betty Kane နှင့်အတူ နေထိုင်လျက် ရှိပါတယ်။ သားသမီး (၇)ဦးရှိပါတယ်။ ငယ်စဉ် အထက်တန်းကျောင်းသားဘဝက စားဝတ်နေရေးအတွက် နေ့ခင်းမှာ ကျောင်းတက်၊ ညပိုင်း ဓာတ်ဆီအရောင်းဆိုင်မှာ အလုပ်လုပ်ပြီး ကားပေါ်၌သာ နားနေအိပ်စက်ခြင်း ပြုခဲ့ရတယ်။ ည(၁၁)နာရီမှာ အလုပ်စတင်ဝင်ရောက်လုပ်ကိုင်ပြီး နံနက်ပိုင်း အလုပ်ဆင်းရင်း ကျောင်းဆက်တက်ခဲ့တယ်လို့ ဆိုပါတယ်။

အမေရိကန်နိုင်ငံသား Mr. John William Yettaw ဒေါ်အောင်ဆန်းစုကြည် နေအိမ်အတွင်း လျှို့ဝှက်ဝင်ရောက်ခဲ့မှုနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတွင်ခင်းကျင်းပြသထားသော သိမ်းဆည်းရမိသည့် ပစ္စည်းများ၊ ဓာတ်ပုံများ၊ ဒေါ်အောင်ဆန်းစုကြည် ခြံအတွင်းသို့ ဝင်/ထွက် လမ်းကြောင်းပြ မြေပုံများကို တွေ့ရစဉ်။ (သတင်းစဉ်)

ပညာတတ်ပုဂ္ဂိုလ်

Mr.John William Yettaw ဟာ ၁၉၇၃ခုနှစ်၊ ဧပြီလမှာ အမေရိကန်(ကြည်း)တပ်မတော်သို့ ဝင်ရောက်တာဝန်ထမ်းဆောင်ရန် စာရင်းသွင်းခဲ့ပါတယ်။ ဗီယက်နမ်စစ်မြေပြင်မှာ ၁၉၇၃-၇၄ခုနှစ်များ၌ (၂)နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီး အမေရိကန်(ကြည်း)တပ်မတော်က အငြိမ်းစားယူခဲ့သူ ဖြစ်ပါတယ်။ ၁၉၉၃-၁၉၉၇မှာ Spring Field, Missouri ရှိ Drury ကောလိပ်မှာ တက်ရောက်ခဲ့ပါတယ်။ ၁၉၉၈ခုနှစ်မှာ (၁) စိတ်ပညာ၊ (၂) လူမှုရေးပညာ၊ (၃) Criminal Justice၊ (၄) ဇီဝဗေဒဘာသာရပ်တို့နဲ့ (၄)နှစ်အတွင်း ဘွဲ့ရရှိခဲ့ပါတယ်။ ၁၉၉၇-၂၀၀၀မှာ အနောက်တောင်ပိုင်း Missouri ပြည်နယ်တက္ကသိုလ်မှာ Biology Plant Chemical Communication ဘာသာရပ်ဖြင့် မဟာတန်းတက်ရောက်ပြီး ဆေးကျောင်းတက်ရောက်နိုင်ရန် ပြင်ဆင်ခဲ့ပါတယ်။ ၂၀၀၀-၂၀၀၇မှာ Forest Institute Of Progessional Psychology ကို တက်ရောက်ခဲ့ပြီး Post Traumatic Stress Disorder, Pain Management World Religious ဘာသာရပ်များကိုသင်ကြားခဲ့ပါတယ်။ ယခုအခါ အချိန်ပိုင်းပါရဂူတန်းတက်ရောက်လျက်ရှိပြီး US ခရီးသွားလာရေးလုပ်ငန်းမှာ Tour Operator အဖြစ်လည်း အချိန်ပိုင်းလုပ်ဆောင်လျက်ရှိကြောင်း သိရှိရပါတယ်။ ဒီအချက်တွေကို ခြုံငုံပြီးပြောရရင် Mr. John William Yettaw ဟာ Ph.D(Psychology) တက်နေတဲ့ ပုဂ္ဂိုလ်ဖြစ်ပြီး ပညာတတ်ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါတယ်။ ဒါ့အပြင် ဗီယက်နမ်စစ်ပြန် အမေရိကန်(ကြည်းတပ်)စစ်မှုထမ်းဟောင်းတစ်ဦးလည်း ဖြစ်တယ်ဆိုတာကို ထင်ရှားစွာ တွေ့ရှိနိုင်ပါတယ်။

သံတမန်များနဲ့ ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား-

Mr. John William Yettaw ရဲ့ ဝန်ခံထွက်ဆိုချက်အရ သူဟာ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်းအတွင်းကို ဒီဖြစ်ရပ်အပါအဝင်(၂)ကြိမ် ဝင်ရောက်ခဲ့ကြောင်း၊ ပထမအကြိမ် လျှို့ဝှက်ဝင်ရောက်ခြင်းမပြုရသေးမီ ၂၀၀၈ ခုနှစ် စက်တင်ဘာလမှ အောက်တိုဘာအတွင်း ထိုင်းနိုင်ငံသို့ သွားရောက်ခဲ့ဖူးကြောင်း၊ ထိုင်းနိုင်ငံတွင်ရှိနေစဉ် မဲဆောက်ရှိ မယ်တော်ဆေးခန်းသို့ (၁၀)ကြိမ် သွားရောက်ခဲ့ဖူးကြောင်း၊ ဘိုကြည်(AAPP) တို့နဲ့ တွေ့ဆုံခဲ့ကြောင်း သိရပါတယ်။ ဒါ့အပြင် ခိုင်လုံသော သတင်းများအရ Mr. John William Yettaw မဲဆောက်ရောက်ရှိစဉ် တရားမဝင်အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များဖြစ်သော ဝေလင်း(လူ့ဘောင်သစ်)၊ မင်းနိုင်(ABSFU-FAC)၊ ဇော်ထွန်း၊ တိတ်နိုင်(AAPP) တို့နှင့် တွေ့ဆုံခဲ့ကြောင်း၊ ထိုင်းနိုင်ငံတွင်ရှိနေစဉ် ချင်းမိုင်သို့ပါ ရောက်ရှိခဲ့ပြီး၊ ဒေါက်တာနိုင်အောင်၏ စီစဉ်ပေးမှုဖြင့် ချင်းမိုင်ရှိ FAC-Foreign Affair Council ရုံးတွင် တည်းခိုခဲ့ကြောင်း၊ ဇင်မောင်၊ ကျော်ဝင်း၊ အောင်ဒင်တို့နဲ့ တွေ့ဆုံခဲ့ကြောင်း သိရှိရပါတယ်။

အမေရိကန်နိုင်ငံသား Mr. John William Yettaw ဒေါ်အောင်ဆန်းစုကြည် နေအိမ်အတွင်း လျှို့ဝှက်ဝင်ရောက်ခဲ့မှုနှင့် စပ်လျဉ်း၍ သတင်းစာ ရှင်းလင်းပွဲတွင် ခင်းကျင်းပြသထားသော သိမ်းဆည်းရမိသည့် ပစ္စည်းများ၊ ဓာတ်ပုံများ၊ ဒေါ်အောင်ဆန်းစုကြည် ခြံအတွင်းသို့ ဝင်/ထွက် လမ်းကြောင်းပြ မြေပုံများကို တွေ့ရစဉ်။

(သတင်းစဉ်)

အမေရိကန်နိုင်ငံသား Mr. John William Yettaw ဒေါ်အောင်ဆန်းစုကြည် နေအိမ်အတွင်း လျှို့ဝှက်ဝင်ရောက်ခဲ့မှုနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတွင် ခင်းကျင်းပြသထားသော သိမ်းဆည်းရမိသည့် ပစ္စည်းများ၊ ဓာတ်ပုံများ၊ ဒေါ်အောင်ဆန်းစုကြည် ခြံအတွင်းသို့ ဝင်/ထွက် လမ်းကြောင်းပြ မြေပုံများကို တွေ့ရစဉ်။ (သတင်းစဉ်)

ဒီနောက် Mr. John William Yettaw ဟာ ၇-၁၁-၂၀၀၈ရက်နေ့ကနေ ၃-၁၂-၂၀၀၈ရက်နေ့အထိ ရက်ပေါင်း(၂၆)ရက်တိုင် ကမ္ဘာလှည့်ဗီဇာနဲ့ ရန်ကုန်မြို့ကို ရောက်ရှိနေထိုင်ခဲ့ပါတယ်။ အဲဒီလို ရောက်ရှိနေထိုင်စဉ်အတွင်း ၃၀-၁၁-၂၀၀၈ရက်နေ့ ည ၉နာရီခန့်မှာ တည်းခိုရာကနေ အင်းလျားမြိုင်လမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့် အထိ အမှတ်(၅၂)လိုင်းကားနဲ့ သွားခဲ့ပါတယ်။ အဲဒီကတစ်ဆင့် လမ်းလျှောက်ပြီး တက္ကသိုလ်ရိပ်သာလမ်း တောင်ကိုရီးယားသံရုံးအနီးရှိ အင်းလျားကန်ဘက်ကို ရေထုတ်တဲ့ ရေမြောင်းပိုက်လိုင်းမှ တစ်ဆင့် အင်းလျားကန်ဘက်ကို ဆင်းခဲ့ပါတယ်။ အဝတ်အစားအနက်၊ ဦးထုပ်အနက်ဝတ်ဆင်ကာ အင်းလျားကန်ရေပြင်ကိုဖြတ်ပြီး ဒေါ်အောင်ဆန်းစုကြည် နေအိမ်ခြံဝင်းအတွင်းသို့ အနောက်ဘက်ခြံစည်းရိုးကိုကျော်ခွ ဝင်ရောက်ခဲ့တယ်လို့ စစ်ဆေးတွေ့ရှိရပါတယ်။

ပြန်လည်ထွက်ခွာခဲ့

Mr. John William Yettaw ရဲ့ ထွက်ဆိုချက်အရ ဒေါ်အောင်ဆန်းစုကြည် ခြံတွင်းမှ ပြန်မထွက်ခွာမီ ရေလုံပလတ်စတစ်အိတ်ထဲမှာထည့်လာတဲ့ Book of Mormon အမည်ရှိတဲ့ စာအုပ်ကို ဒေါ်အောင်ဆန်းစုကြည်အိမ်ရဲ့ နောက်ဖေးဘက်တံခါး အပြင်လှေကားထစ်မှာ ချထားခဲ့တယ်လို့ ဆိုပါတယ်။ သူ့ရဲ့ ရည်ရွယ်ချက်ကတော့ ဒေါ်အောင်ဆန်းစုကြည် ဖတ်ရန်အတွက်ဖြစ်ပါတယ်။ အဲဒီနောက် Mr. John William Yettaw ဟာ လာရာလမ်းအတိုင်း ပြန်၍ ရေကူးသွားပြီး တောင်ကိုရီးယားသံရုံးအနီးမှာ ရှိတဲ့ ရေထုတ်တဲ့ရေမြောင်း ပိုက်လိုင်းကတစ်ဆင့် ပြန်လည်ထွက်ခွာခဲ့တယ်လို့ ဆိုပါတယ်။ ဒါဟာ Mr. John William Yettaw ဒေါ်အောင်ဆန်းစုကြည်ခြံအတွင်းကို ပထမအကြိမ် ဝင်ရောက်တဲ့ ဖြစ်ရပ်ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်ကို Mr. John William Yettaw ပထမအကြိမ် လာရောက်ခဲ့စဉ်က ဝင်ထွက်ပုံ လမ်းကြောင်းပြ ကားချပ်ကိုလည်း အားလုံးလေ့လာသိရှိနိုင်အောင် Board မှာ ရေးဆွဲပြီး ကပ်ထားပေးပါတယ်။ သံတမန်များနဲ့ သတင်းစာဆရာကြီးများ အားလုံး လေ့လာနိုင်ပါတယ်။

အဲဒီမှာ တစ်ချက် သတိပြုစေချင်တာက Mr. John William Yettaw ဟာ အသွားရောအပြန်ပါ လမ်းကြောင်းတစ်ခုတည်း သုံးခဲ့တာကိုပါပဲ။ Mr. John William Yettaw ဒေါ်အောင်ဆန်းစုကြည်အိမ်ကို ပထမအကြိမ် သွားရောက်ခဲ့တဲ့ ၃၀-၁၁-၂၀၀၈ရက်နေ့ ညဟာ မြန်မာလို နတ်တော်လဆန်း (၃)ရက်နေ့ည ဖြစ်ပါတယ်။ လဆန်း(၃)ရက်ညဖြစ်တဲ့အတွက် လအလင်းရောင်မရှိ မှောင်မိုက်တဲ့အချိန်ဖြစ်ပါတယ်။ အဲဒီလို အလင်းရောင်မရှိတဲ့ ညမျိုးမှာတောင်မှ Mr. John William Yettaw ဟာ ဝင်လာတဲ့ လမ်းကြောင်းကို မှတ်မိပြီး ပြန်ထွက်တဲ့အခါမှာ ဝင်လာတဲ့လမ်းကြောင်းအတိုင်း အတိအကျ ပြန်လည်အသုံးပြု ထွက်ခွာသွားနိုင်ခဲ့တယ်ဆိုတာ သူ့ရဲ့ ထွက်ဆိုချက်တွေအရ သိရှိရပါတယ်။ တကယ်တမ်းကျတော့ အဲဒီလမ်းကြောင်းသည်သာ အတိုဆုံး၊ အသေချာဆုံးနဲ့ သူ့အတွက် လုံခြုံမှုအရှိဆုံး လမ်းကြောင်းဖြစ်တယ်လို့ သုံးသပ် တွေ့ရှိနိုင်ပါတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် Mr. John William Yettaw ဟာ ဉာဏ်ရည်ဉာဏ်သွေးကောင်းမွန်ပြီး ဝေဖန်သုံးသပ်ဆင်ခြင်နိုင်စွမ်း မြင့်မားတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း လေ့လာသိရှိနိုင်ပါတယ်။ ဆန့်ကျင်ဘက်အုပ်စုတွေ ဝေဖန်နေကြသလို Mr. John William Yettaw ဟာ စိတ်ဝေဒနာရှင်၊ ကျပ်မပြည့်သူတစ်ဦးဆိုတာ မဟုတ်မှန်ကြောင်း ထင်ရှားလှပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နေအိမ်ကို Mr. John William Yettaw ပထမအကြိမ် လာရောက်ပြီးတဲ့နောက်မှာ အဲဒီဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဒေါက်တာတင်မျိုးဝင်းက ဒေါ်အောင်ဆန်းစုကြည်၏ ပြောကြားချက်ကို သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ထံ (၄-၁၂-၂၀၀၈)ရက်နေ့မှာ သတင်းပို့ခဲ့ပါတယ်။ ၎င်း၏ သတင်းပို့ချက်မှာ "ဒေါ်စုက နိုဝင်ဘာလ ၃၀ရက်နေ့ ည၁၂နာရီခွဲတွင် လူတစ်ဦးက ရေကန်မှနေ၍ ဒိုက်များကိုဖြတ်လျက် ခြံအတွင်းသို့ဝင်ရောက်ပြီး အိမ်အနားသို့ ကပ်လာသည်ကို ဒေါ်ခင်ခင်ဝင်းတို့ သားအမိမှ တွေ့ရှိရကြောင်း၊ ယင်းလူမှာ အိမ်အနီးသို့ ရောက်လာကာ အိမ်အပြင်မှနေ၍ "ဒေါ်အောင်ဆန်းစုကြည်"ဟု ၂ကြိမ်တိုင်တိုင် အော်ခေါ်ခဲ့ကြောင်း၊ ယင်းအော်သည့်နေရာမှာ နောက်ဖေးမီးဖိုချောင်အနီး အိမ်အနောက်ဘက်မှဖြစ်ကြောင်း၊ ယင်းနောက် ထိုသူသည် ဒူးထောက်ထိုင်၍ လက်အုပ်ချီထားသည်ကို မြင်တွေ့ရပြီး ခဏအကြာတွင် သစ်ငုတ်တိုအနီးရှိ ခြံစည်းရိုးဘက်မှနေ၍ ဒိုက်များကိုဖြတ်ကာ ရေကန်အတွင်းသို့ ပြန်ဆင်းသွားကြောင်း" ပြောပါသည်။

လွှဲပြောင်းတာဝန်ထမ်းဆောင်

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပြောကြားချက်ကို ဒေါက်တာတင်မျိုးဝင်းက လုံခြုံရေးတာဝန်ရှိသူထံ တင်ပြပြီးသည်နှင့် တစ်ပြိုင်နက် ကျွန်တော်တို့အနေနဲ့ အဲဒီတင်ပြချက် မှန်/မမှန် သိရှိနိုင်အောင် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပြီး စစ်ဆေးဆောင်ရွက်စေခဲ့ပါတယ်။ တစ်ပြိုင်တည်းမှာပဲ လုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိတဲ့ ဒုရဲမှူးကြီးဇော်နိုင်ထွန်း ဦးစီးအမှတ်(၆) ရဲတပ်ရင်းအစား ဒုရဲမှူးကြီးဇော်ခင်အောင် ဦးစီးတဲ့ အမှတ်(၁) ရဲတပ်ရင်းနဲ့ ၅-၁၂-၂၀၀၈ရက်နေ့မှာပဲ ချက်ချင်းလွှဲပြောင်း တာဝန်ထမ်းဆောင်စေပြီး လုံခြုံရေး လစ်ဟာမှုမရှိအောင် အထူးဂရုစိုက် ဆောင်ရွက်စေခဲ့ပါတယ်။ ဒါ့အပြင် ဒေါ်အောင်ဆန်းစုကြည်အိမ်အနောက်ဘက် အင်းလျားကန်ဘက်ရှိ ခြံစည်းရိုးများ၊ ဝင်ပေါက်နေရာများ စစ်ဆေးခြင်း၊ ပြုပြင်ခြင်းများကိုလည်း ချက်ချင်းဆောင်ရွက်ပေးခဲ့ပါတယ်။

စုံစမ်းစစ်ဆေးတွေ့ရှိချက်များအရ နံပါတ်(၁)အချက်အနေနဲ့ ဒေါက်တာတင်မျိုးဝင်းဟာ Mr. John William Yettaw ဝင်ရောက်သွားပြီး (၄)ရက်ကြာမှ သက်ဆိုင်ရာကို သတင်းပို့ခဲ့တာဖြစ်တဲ့အတွက် ဝင်လမ်း/ထွက်လမ်း ခြေရာစွတ်ကြောင်းများ ပျောက်ကွယ်သွားတာကြောင့် ဘာသဲလွန်စမှ မရခဲ့ပါဘူး။ နံပါတ်(၂)အချက်အနေနဲ့ အကောင်းဆုံး သဲလွန်စ ရရှိထားပြီးသားဖြစ်ပေမယ့် ဒေါ်အောင်ဆန်းစုကြည်တို့က ထည့်သွင်းသတင်းပို့ခြင်းမပြုဘဲ ထိမ်ချန်ထားခဲ့တာကို တွေ့ရှိရပါတယ်။ အဲဒါကတော့ Mr. John William Yettaw က ဒေါ်အောင်ဆန်းစုကြည် အိမ်နောက်ဖေးဘက် တံခါးအပြင်လှေကားထစ်မှာ ထားသွားခဲ့တဲ့ Book of Mormon ဆိုတဲ့ စာအုပ်ပါပဲ၊ ဒေါ်အောင်ဆန်းစုကြည်တို့ဘက်က အဲဒီစာအုပ်ထားခဲ့ကြောင်း ပြည့်စုံမှန်ကန်စွာသတင်းမပို့ဘဲ ထိမ်ချန်ထားခဲ့တဲ့အတွက် ကျွန်တော်တို့ရဲတပ်ဖွဲ့အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်ခြံဝင်းထဲကို လူဝင်ရောက်လာတယ်ဆိုတဲ့အချက်ကို ဆက်စပ်အတည်ပြုနိုင်ဖို့ရာ ခက်ခဲခဲ့ရပါတယ်။ အဲဒီစာအုပ်ထားခဲ့တယ်ဆိုတာ ဒေါ်အောင်ဆန်းစုကြည်နေအိမ်ကို Mr. John William Yettaw ဒုတိယအကြိမ်ဝင်ရောက်ခဲ့ပြီး ထိန်းသိမ်းစစ်ဆေးခံရတဲ့ အချိန်ကျမှ Mr. John William Yettaw ရဲ့ ထွက်ဆိုချက်အရသိရပြီး ကျွန်တော်တို့က တောင်းခံလို့ ဒီစာအုပ်ကို ဒေါ်အောင်ဆန်းစုကြည်ထံမှ ရရှိခဲ့ခြင်းဖြစ်ပါတယ်။

ဒါ့အပြင် နံပါတ်(၃)အချက်အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ လုံခြုံရေးအရ တာဝန်ရှိတဲ့တပ်ဖွဲ့ဝင်များကို တိုက်ရိုက်ချက်ချင်း သတင်းပို့သင့်ပါလျက် အခင်းဖြစ်ပွားပြီး (၄)ရက်အကြာ ၄-၁၂-၂၀၀၈ရက်နေ့ကျမှသာ ဒေါက်တာတင်မျိုးဝင်းကတစ်ဆင့် သတင်းပို့ခဲ့တာကို တွေ့ရှိနိုင်ပါတယ်။ ဒါကြောင့်လည်း သဲလွန်စများရရှိရန်ခက်ခဲပြီး အဖြစ်မှန်ဖော်ထုတ်နိုင်ခြင်း မရှိခဲ့တာဖြစ်ပါတယ်။ ဒီနေရာမှာ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်က သူမရဲ့ လုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်ဖို့ အားနည်းခဲ့ကြောင်းကိုလည်း သုံးသပ်တွေ့ရှိနိုင်ပါတယ်။

စာမျက်နှာ ၁၀ ကော်လံ ၁



အမေရိကန်နိုင်ငံသား Mr. John William Yettaw ဒေါ်အောင်ဆန်းစုကြည် နေအိမ်အတွင်း လျှို့ဝှက် ဝင်ရောက်ခဲ့မှုနှင့် စပ်လျဉ်း၍ သတင်းစာ ရှင်းလင်းပွဲတွင် ခင်းကျင်းပြသထားသော သိမ်းဆည်းရမိသည့် ပစ္စည်းများ၊ ဓာတ်ပုံများ၊ ဒေါ်အောင်ဆန်းစုကြည် ခြံအတွင်းသို့ ဝင်/ထွက် လမ်းကြောင်းပြ မြေပုံများကို တွေ့ရစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၉ မှ

အရေးယူအပြစ်ပေးခဲ့

စုံစမ်းစစ်ဆေးရေးခုံရုံးက စုံစမ်းစစ်ဆေးရာမှာ အခင်းဖြစ်တဲ့ ညဟာ မှောင်မိုက်တဲ့ ညတစ်ညဖြစ်တဲ့အတွက် ဒေါ်ခင်ခင်ဝင်းတို့ သားအမိအနေနဲ့ ထင်ယောင်ထင်မှားဖြစ်တာ ဖြစ်နိုင်သလို မိမိတို့လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးဦး ခြံတွင်းဝင်ရောက် ဖြတ်သန်းသွားတာကို မြင်တွေ့ခဲ့ခြင်းလည်း ဖြစ်နိုင်တယ်လို့ သုံးသပ်ခဲ့ပါတယ်။ ဒီလိုသုံးသပ်ရတာကလည်း အကြောင်းရှိပါတယ်။ ၁၉၉၀ ပြည့်နှစ်ဝန်းကျင်က လုံခြုံရေးတာဝန်ယူရတဲ့ လုံခြုံရေး တပ်ဖွဲ့ဝင်တစ်ဦး တာဝန်မဲ့ ဝင်ရောက်ခဲ့တဲ့အတွက် အရေးယူအပြစ်ပေးခဲ့ရဖူးတဲ့ သာဓက ရှိခဲ့ပါတယ်။ ဒါကြောင့် စုံစမ်းစစ်ဆေးရေးအဖွဲ့အနေနဲ့ အဲဒီသတင်းဟာ ဖြစ်နိုင်ခြေမရှိဘူးလို့ သုံးသပ်ခဲ့ပါတယ်။ သို့သော် ကျွန်တော်တို့ဘက်ကတော့ လုံခြုံရေးအတွက် အကောင်းဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့တယ်ဆိုတာ အထက်မှာလည်း ကျွန်တော် ရှင်းပြခဲ့ပြီးဖြစ်ပါတယ်။ ဒါတွေကတော့ Mr. John William Yettaw ပထမအကြိမ် ဒေါ်စုကြည် အိမ်ကို ဝင်ရောက်ခဲ့ခြင်းနှင့်ပတ်သက်ပြီး တင်ပြခြင်းဖြစ်ပါတယ်။

ယခု Mr. John William Yettaw ဒေါ်အောင်ဆန်းစုကြည် အိမ်တွင်းသို့ ဒုတိယအကြိမ် လျှို့ဝှက်ဝင်ရောက်သွားနိုင်ခဲ့တဲ့အတွက်လည်း စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပြီး စစ်ဆေးလျက်ရှိပါတယ်။ ယင်းဖြစ်စဉ်အတွက် တာဝန် ပေါ့လျော့သူများ တွေ့ရှိက အရေးယူမှုများ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။

သံတမန်များနဲ့ ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား-

ဆက်လက်ပြီး ဒေါ်အောင်ဆန်းစုကြည်အိမ်ကို Mr. John William Yettaw ဒုတိယအကြိမ် ဝင်ရောက်ခဲ့ခြင်းဖြစ်စဉ်ကို ဆက်လက်တင်ပြပါမယ်။ Mr. John William Yettaw ဟာ ၂-၅-၂၀၀၉ရက်နေ့မှာ ကမ္ဘာလှည့် ခရီးသည်ဗီဇာနဲ့ ထိုင်းနိုင်ငံမှတစ်ဆင့် ရန်ကုန်မြို့ကို ရောက်ရှိပြီး အမှတ် (၁၈၈/၁၉၂)၊ (၃၃)လမ်း၊ (၁)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်ရှိ Beauty Land Hotel(2) မှာ တည်းခိုခဲ့ပါတယ်။ ၃-၅-၂၀၀၉ ရက်နေ့ ညနေပိုင်း (အချိန်စိစစ်ဆဲ)မှာ တည်းခိုရာ Beauty Land Hotel(2) ကနေ အငှားယာဉ်နဲ့ တက္ကသိုလ်ရိပ်သာလမ်းကို လာရောက်ခဲ့ပါတယ်။ တက္ကသိုလ်ရိပ်သာလမ်း တောင်ကိုရီးယားသံရုံးအနီးရှိ အင်းလျားကန်ဘက်အခြမ်းကို ရေထုတ်တဲ့ ရေမြောင်းပိုက်လိုင်းမှတစ်ဆင့် အင်းလျားကန်အတွင်းကို ဆင်းသက်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ခြံဘက်သို့ ရေကူးသွားရောက်ခဲ့တာ ဖြစ်ပါတယ်။ ရောက်တဲ့အခါမှာ ခြံရဲ့နောက်ဘက်မှတစ်ဆင့် ခြံဝင်းအတွင်း ဝင်ရောက်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒီလမ်းကြောင်းဟာ Mr. John William Yettaw ဒေါ်အောင်ဆန်းစုကြည် နေအိမ်ခြံဝင်းအတွင်းသို့ ၃၀-၁၁-၂၀၀၈ရက်နေ့က လျှို့ဝှက်ဝင်ရောက်ခဲ့တဲ့ ပထမလမ်းကြောင်းအတိုင်း လာခဲ့ခြင်းပဲဖြစ်ပါတယ်။

၄-၅-၂၀၀၉ရက်နေ့ မိုးမလင်းခင်မှာ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အတွင်းသို့ ရောက်ရှိခဲ့ပြီး ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမတို့နဲ့ တွေ့ဆုံခဲ့ပါတယ်။ Mr. John William Yettaw က ၎င်းမှာ ဆီးချိုရောဂါရှိကြောင်း၊ ရေကူးလာရတဲ့အတွက် မောနေကြောင်း၊ ဗိုက်ဆာကြောင်း၊ ဖျားနေကြောင်း ပြောပြတဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခွင့်ပြုချက်အရ အစားအသောက်များ စားသောက်ခဲ့ရကြောင်း၊ ၅-၅-၂၀၀၉ရက်နေ့ တစ်နေ့လုံး အိမ်အောက်ထပ်ရှိ အိမ်သာ၊ ရေချိုးခန်းအနီးမှာ နေထိုင်ခဲ့ကြောင်း၊ ၎င်းရဲ့(၁၀)နှစ်အရွယ် သမီးငယ်မှ "I Love You, Please don't kill her" ဆိုပြီး ရေးသားထားတဲ့ စာရွက် (၅၃)ရွက်ခန့်ကို ဒေါ်အောင်ဆန်းစုကြည်ထံပေးခဲ့ကြောင်း ထွက်ဆိုခဲ့ပါတယ်။

အလျားလိုက်ဖြတ်ကူးခဲ့

ဒါ့အပြင် ဒေါ်အောင်ဆန်းစုကြည်က ရေပုလင်းနဲ့စားစရာတွေ အများကြီး ပေးပါတယ်။ Mr. John William Yettaw က စားဖို့ငြင်းဆန်တဲ့အခါ ဒေါ်အောင်ဆန်းစုကြည် ကပဲ ခွန်အားရှိဖို့၊ အစာစားဖို့လိုတယ်လို့ ပြောကြားခဲ့ပါတယ်။ သူ့ကို အစားအသောက်များ ကျွေးခဲ့ပါတယ်။ Mr. John William Yettaw ဟာ ၅-၅-၂၀၀၉ရက်နေ့ ည၁၁နာရီ နောက်ပိုင်းမှာ ဒေါ်အောင်ဆန်းစုကြည်အိမ်မှ ပြန်လည်ထွက်ခွာခဲ့ပါတယ်။ ဒီလိုပြန်ထွက်ရာမှာ ဒေါ်အောင်ဆန်းစုကြည်အိမ်သို့ ပထမအကြိမ်ဝင်ခဲ့၊ ပြန်ထွက်ခဲ့တဲ့၊ ယခု ဒုတိယအကြိမ် ဝင်ရောက်ရာမှာလည်း သုံးခဲ့တဲ့လမ်းအတိုင်း ပြန်မထွက်ပါဘူး။ ၎င်းလမ်းအစား အင်းလျားကန်ကြီးကို အလျားလိုက်ဖြတ်ကူးထွက်လာခဲ့ပါတယ်။ ၆-၅-၂၀၀၉ ရက်နေ့ နံနက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းအား တွေ့ရှိဖမ်းဆီးနိုင်ခဲ့တဲ့ နေရာနဲ့ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကြား ရေပြင်အကွာအဝေးဟာ အဖြောင့်တိုင်းလျှင် ကိုက်ပေါင်း ၃၀၀၀ကျော်ရှိပါတယ်။ ပြန်ထွက်လာတဲ့ လမ်းကြောင်းပုံကိုလည်း သံတမန်များနဲ့ သတင်းစာဆရာကြီးများ လေ့လာနိုင်အောင် Board မှာကပ်၍ ပြသထားပြီးဖြစ်ပါတယ်။

အမေရိကန်နိုင်ငံသား Mr. John William Yettaw ဒေါ်အောင်ဆန်းစုကြည်နေအိမ်အတွင်း လျှို့ဝှက်ဝင်ရောက်ခဲ့မှုနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတွင် ခင်းကျင်းပြသထားသော သိမ်းဆည်းရမိသည့် ပစ္စည်းများ၊ ဓာတ်ပုံများ၊ ဒေါ်အောင်ဆန်းစုကြည် ခြံအတွင်းသို့ ဝင်/ထွက် လမ်းကြောင်းပြမြေပုံများကို တွေ့ရစဉ်။ (သတင်းစဉ်)

အမေရိကန်နိုင်ငံသား Mr. John William Yettaw ဒေါ်အောင်ဆန်းစုကြည် နေအိမ်အတွင်း လျှို့ဝှက်ဝင်ရောက်ခဲ့မှုနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတွင် ခင်းကျင်းပြသထားသော သိမ်းဆည်းရမိသည့် ပစ္စည်းများ၊ ဓာတ်ပုံများ၊ ဒေါ်အောင်ဆန်းစုကြည် ခြံအတွင်းသို့ ဝင်/ထွက် လမ်းကြောင်းပြမြေပုံများကို တွေ့ရစဉ်။ (သတင်းစဉ်)

ဒီလမ်းကြောင်းဟာ ရေပြင်ခရီးရှည်လွန်းခြင်း၊ လုံခြုံစွာပြန်ထွက်နိုင်ဖို့ မရေရာ၊ မသေချာခြင်းစတဲ့ အချက်တွေရှိနေပေမယ့် Mr. John William Yettaw ဟာ ဒီလမ်းကြောင်းကိုမှ ရွေးပြီး ပြန်ထွက်ခဲ့ပါတယ်။ ဒါကြောင့် Mr. John William Yettaw ဟာ ဘာကြောင့် ဒီလမ်းကြောင်းအတိုင်း ပြန်ထွက်လာခဲ့ရသလဲဆိုတာ စဉ်းစားစရာပါပဲ။

Mr. John William Yettaw ဟာ ၃၀-၁၁-၂၀၀၈ရက်နေ့ ညက ဒေါ်အောင်ဆန်းစုကြည်အိမ်ခြံဝင်းအတွင်းသို့ ပထမအကြိမ် လျှို့ဝှက်ဝင်ရောက်စဉ်က တက္ကသိုလ်ရိပ်သာလမ်း၊ တောင်ကိုရီးယားသံရုံးအနီးရှိ အင်းလျားကန်တွင်းသို့ ရေထုတ်တဲ့ ရေမြောင်း ပိုက်လိုင်းမှတစ်ဆင့် အင်းလျားကန်စပ်သို့ ဆင်းကာ ၎င်းမှရေကူးပြီး ဒေါ်အောင်ဆန်းစုကြည်အိမ်အတွင်း ဝင်ရောက်ခဲ့ခြင်း ဖြစ်ပါတယ်။ ပထမအကြိမ် ပြန်ထွက်တော့လည်း ၎င်းလမ်းကြောင်းအတိုင်း လွယ်လွယ်ကူကူ အန္တရာယ်ကင်းကင်း ပြန်ထွက်နိုင်ခဲ့ပါတယ်။ ယခု ဒေါ်အောင်ဆန်းစုကြည်အိမ်အတွင်း ဒုတိယအကြိမ် လျှို့ဝှက်ဝင်ရောက်ရာမှာလည်း ပထမအကြိမ်သုံးခဲ့တဲ့ လမ်းကြောင်းအတိုင်း ဝင်ရောက်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီပထမလမ်းကြောင်းဟာ သူကောင်းကောင်းမှတ်မိသော၊ အတိုဆုံးဖြစ်သော၊ ၎င်းရဲ့လုံခြုံရေးအတွက် စိတ်အချရဆုံးဖြစ်သော လမ်းကြောင်း ဖြစ်ပါတယ်။ ဒါပေမယ့် အခု ဒုတိယအကြိမ် ပြန်ထွက်ရာမှာတော့ ဒီလမ်းကြောင်းကို မသုံးဘဲ ယခု လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးနိုင်ခဲ့တဲ့ လမ်းကြောင်းကို သုံးခဲ့ပါတယ်။ ဒီလိုရွေးချယ်သုံးခဲ့တာဟာ ထူးဆန်းမနေဘူးလား။

ဦးစားပေးစဉ်းစား

သဘာဝကျကျ စဉ်းစားကြည့်ရင် ဥပဒေကိုကျူးလွန်တဲ့ သူခိုးပဲဖြစ်ဖြစ်၊ ဓားပြပဲဖြစ်ဖြစ်၊ လူသတ်သမားပဲဖြစ်ဖြစ် ပြစ်မှုကျူးလွန်ပြီးရင် သူ့ရဲ့ လွတ်မြောက်ရေးနဲ့ လုံခြုံရေးကို ပထမဦးစားပေး စဉ်းစားလုပ်ဆောင်ကြစမြဲ ဖြစ်ပါတယ်။ အခု Mr. John William Yettaw ကတော့ သူ့ရဲ့ လွတ်မြောက်ရေးနဲ့ လုံခြုံရေးအတွက် စိတ်ချရတဲ့ အသုံးပြုနေကျလမ်းကြောင်းကို စွန့်ပယ်ပြီးတော့ လွတ်မြောက်ရေးနဲ့ လုံခြုံရေးအတွက် စိတ်မချရတဲ့၊ ရေပြင် အကွာအဝေးအားဖြင့် ကိုက်၃၀၀၀ကျော် အလွန်ရှည်လျားတဲ့၊ ကူးခပ်ဖို့ပင် ခက်ခဲတဲ့ အင်းလျားရေပြင်ကို အလျားလိုက်ဖြတ်ကူးသွားရတဲ့ လမ်းကြောင်းကို ရွေးချယ်ခဲ့ပါတယ်။ ဒါဟာ မထူးဆန်းဘူးလား။ ဒီပြဿနာမပေါ်ပေါ်အောင် တမင်ပြုလုပ်တာဖြစ်တယ်လို့များ ယူဆလို့မရနိုင်ဘူးလား။ ဒါ့ပြင် ဒါကို ဘယ်သူတွေ ပူးပေါင်းစီစဉ်ကြတာလဲ။ စဉ်းစားစရာပါပဲ။

ဒီကောက်ချက်ကို သဘောမကျတဲ့သူတွေက Mr. John William Yettaw ဟာ ၅-၅-၂၀၀၉ ညမှာ ပြန်ထွက်တာဆိုတော့ မှောင်နေလို့ ပထမလမ်းကို မမှတ်မိဘဲ မှားသွားတာဖြစ်နိုင်တယ်လို့ ဆင်ခြေပေးမယ်ဆို ပေးနိုင်ပါတယ်။ ဒါပေမယ့် Mr. John William Yettaw ဒေါ်အောင်ဆန်းစုကြည်အိမ်က ဒုတိယအခေါက်ပြန်ထွက်လာတဲ့ နေ့ဟာ ၅-၅-၂၀၀၉ ရက်နေ့ ညဖြစ်တဲ့အတွက် မြန်မာရက်နဲ့ ပြန်ကြည့်ရင် ကဆုန်လဆန်း(၁၂)ရက် ညဖြစ်ပါတယ်။ လပြည့်ခါနီးဖြစ်လို့ လပြည့်ညနီးပါး အလင်းရောင် ကောင်းစွာရရှိတဲ့ည ဖြစ်ပါတယ်။

ဒါ့အပြင် Mr. John William Yettaw ဟာ ပထမအကြိမ် နိုဝင်ဘာ (၃၀) ရက်နေ့ည (နတ်တော်လဆန်း ၃ရက်ည) လမိုက်ပြီး အလင်းရောင် လွန်စွာအားနည်းတဲ့ အချိန်တုန်းကတောင် လာတဲ့လမ်းအတိုင်း အပြန်မှာ ဖြောင့်ဖြောင့်တန်းတန်း ပြန်ထွက်သွားနိုင်ခဲ့သေးရင် ယခုအခေါက်မှာလည်း ယခင်အခေါက်ထက် အလင်းရောင် ပိုပြီး ရရှိတဲ့ လသာညဖြစ်တဲ့အတွက် အဝင်လမ်းကြောင်းအတိုင်း အပြန်မှာ ချောချောမောမော ပြန်ထွက်မသွားနိုင်စရာ အကြောင်းမရှိဘူးဆိုတာ တွေ့နိုင်ပါတယ်။ အဲဒီလမ်းဟာ သူ့အနေနဲ့ အဝင်(၂)ခေါက်၊ အထွက်(၁)ခေါက် စုစုပေါင်း(၃)ခေါက်တိုင်တိုင် အသုံးပြုခဲ့ပြီးတဲ့ လမ်းကြောင်းဖြစ်တာမို့ ယခုအထွက် (စတုတ္ထအခေါက်)မှာ အဲဒီလမ်းကို ပြန်ပြီး အသုံးပြုဖို့ အခက်အခဲရှိနိုင်စရာ အကြောင်းမရှိဘူး၊ လမ်းကြောင်းကို ပြန်ပြီး မမှတ်မိစရာ အကြောင်းမရှိဘူးဆိုတာ သဘာဝကျကျ တွေ့နိုင်ပါတယ်။

ကျန်းမာရေးစစ်ဆေး

ဒါ့အပြင် Mr. John William Yettaw ရဲ့ ထွက်ဆိုချက်တွေအရ ၎င်းဟာ မေလ(၄)ရက်နေ့ နံနက် ဒေါ်အောင်ဆန်းစုကြည်ရဲ့နေအိမ်ကို ရောက်ရှိတဲ့အချိန်မှာ လွန်စွာ မောပန်း၊ လွန်စွာအားနည်းချည့်နဲ့နေပြီး၊ ခြေထောက်ကြွက်တက်တဲ့ဝေဒနာတွေကို ပြင်းထန်စွာ ခံစားခဲ့ရကြောင်းနှင့် သူ့မှာ ဆီးချိုရောဂါလည်းရှိပြီး သွေးတွင်းသကြားလျော့ကျမှုနဲ့ ရင်ဆိုင်ခဲ့ရကြောင်း ထွက်ဆိုခဲ့သော်လည်း ၎င်းကို ဖမ်းဆီးရမိပြီး ကျန်းမာရေးစစ်ဆေးမှုများ နေ့စဉ်ပြုလုပ်ပေးတဲ့အခါမှာတော့ ၎င်းရောဂါများကို မတွေ့ရှိရပါ။ ကျန်းမာရေး ချို့ယွင်းအားနည်းတဲ့သူက ပိုပြီးလုံခြုံမှုရှိတဲ့၊ ဒါ့အပြင် ကိုယ်တိုင်လည်း အကြိမ်ကြိမ် အသုံးပြုပြီးဖြစ်တဲ့ အပြန်လမ်းကြောင်းကိုမရွေးဘဲ အင်မတန်ဝေးလံတဲ့ အခြားလမ်းကြောင်း အသစ်တစ်ခုကို ရွေးချယ်ခဲ့တာဟာ သာမန်မဟုတ်တဲ့၊ ခိုင်လုံတဲ့အကြောင်း အချက်တစ်ခုခု ရှိကို ရှိရမှာဖြစ်ပါတယ်။ အဲဒီအကြောင်းအချက်ကတော့ ကာယကံရှင်နဲ့ သူနဲ့ဆက်စပ်ပတ်သက်တဲ့ ပုဂ္ဂိုလ်/အဖွဲ့အစည်းတွေပဲ သိနိုင်ပါလိမ့်မယ်။

နောက်တစ်ချက်က ၆-၅-၂၀၀၉ ရက်နေ့နံနက်မှာ Mr. John William Yettaw ကို ဖမ်းဆီးရမိတဲ့နေရာဟာ အင်းလျားကန်စပ်ရှိ အမေရိကန်သံရုံး ယာယီတာဝန်ခံ အိမ်နဲ့ ကိုက် (၃၀) ခန့်အကွာ၊ မိမိလုံခြုံရေးတပ်ဖွဲ့များရှိရာ ကန်သာယာဆေးရုံဟောင်းနဲ့ ကိုက် (၅၀) ခန့်အကွာ ရေပြင်မှာ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပါတယ်။ အမေရိကန်သံရုံး ယာယီတာဝန်ခံ အိမ်ရဲ့တစ်ဖက်မှာ ရဲတပ်ရင်း(၇)မှ အဝေးစည်း လုံခြုံရေးယူထားရတဲ့ ကန်သာယာဆေးရုံဟောင်းရှိတယ်။ ဒီအခြေအနေ အနေအထားကိုလည်း သံတမန်များနဲ့ သတင်းစာဆရာကြီးများ လေ့လာကြည့်ရှုနိုင်အောင် ဒုတိယအခေါက် အသုံးပြုခဲ့တဲ့ ဝင်လမ်း/ထွက်လမ်း အခြေအနေပြပုံကိုလည်း Board မှာ ကပ်ပြီး ဖော်ပြထားပေးပါတယ်။

သံတမန်များနဲ့ ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား-

Mr. John William Yettaw ကို ရေထဲမှာတွေ့ရှိလို့ ခေါ်ပြီးစစ်ဆေးတဲ့အခါ သူနဲ့အတူပါရှိတဲ့ပစ္စည်း(၂၁)မျိုးကို သိမ်းဆည်းခဲ့ရာမှာ ကင်မရာ (၁)လုံးနဲ့ Memory Card(၆)ခုတို့ကိုလည်း သိမ်းဆည်းရမိခဲ့ပါတယ်။ Memory Card(၂)ခုထဲမှာ ဓာတ်ပုံ (၃၃၁)ပုံနဲ့ Mr. John William Yettaw က

စာမျက်နှာ ၁၁ ကော်လံ ၁

စာမျက်နှာ ၁၀ မှ

ဒေါ်အောင်ဆန်းစုကြည်နေအိမ်အတွင်းမှာ မိမိကိုယ်ကို ရိုက်ကူးထားတဲ့ ရုပ်သံဗီဒီယို မှတ်တမ်းဖိုင်(၁)ဖိုင်ကိုပါ တွေ့ရှိရပါတယ်။ အဲဒီ ရုပ်သံဗီဒီယိုဖိုင်နဲ့ ဓာတ်ပုံများမှာ ရေကူးရာမှာ အသုံးပြုတဲ့ ပုံချဲ့ထားတဲ့ ဖားဖိနပ်ပုံ၊ ရေကူးရာတွင် ဖားဖိနပ်အဖြစ် အဆင့်ဆင့်ပြုလုပ်ပုံ၊ Mr. John William Yettaw ရဲ့ ခြေထောက်မှာ စမ်းသပ်ဝတ်ဆင်ပုံ၊ Mr. John William Yettaw ရုပ်ဖျက်ထားတဲ့ပုံ၊ ဒေါ်အောင်ဆန်းစုကြည် အိမ်အတွင်းရှိ အောက်ထပ်ဧည့်ခန်းပုံနဲ့ ဧည့်ခန်းအတွင်းရှိ ဓာတ်ပုံများကို ရိုက်ကူးထားတဲ့ ပုံများဖြစ်တာကို တွေ့ရှိရပါတယ်။ Mr. John William Yettaw က ညအချိန်မှာ ဒေါ်အောင်ဆန်းစုကြည်အိမ်သို့ ရောက်ရှိစဉ် ရိုက်ကူးထားသောပုံ၊ ဒေါ်အောင်ဆန်းစုကြည်၏ အိမ်အတွင်းသို့ ရောက်ရှိနေကြောင်း မိမိကိုယ် မိမိ မှတ်တမ်းတင်ထားတဲ့ပုံများကို တွေ့ရှိရပါတယ်။

ထပ်မံ သိမ်းဆည်းခဲ့

ဒါ့အပြင် Mr. John William Yettaw ရဲ့ ထွက်ဆိုချက်တွေအရ မေလ(၆) ရက်နေ့မှာ Mr. John William Yettaw တည်းခိုနေတဲ့ ဗျူးတီးလန်းဟိုတယ်၊ (၅)ထပ်ရှိ ဒိုင်းမွန်းအမည်ရှိ အခန်းမှာ Mr. John William Yettaw ပိုင်ပစ္စည်းများ ကို သွားရောက်သိမ်းဆည်းခဲ့ရာမှာ အခန်းတွင်းရှိ ပစ္စည်းအားလုံး စုစုပေါင်း (၆၁)မျိုးကို ထပ်မံသိမ်းဆည်းခဲ့ပါတယ်။ သိမ်းဆည်းရမိတဲ့ ပစ္စည်းများစာရင်းကို လေ့လာသိရှိနိုင် အောင် Board မှာ ကပ်ပြီး ဖော်ပြထားပေးပါတယ်။

အလားတူ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်အတွင်း Mr. John William Yettaw ချန်ရစ်ခဲ့တဲ့ ပစ္စည်းများကို မေလ(၇)ရက်နေ့က သွားရောက်ပြီး ရှာဖွေ သိမ်းဆည်း ခဲ့ပါတယ်။ အဲဒီလို သိမ်းဆည်းရာမှာ ဒေါ်အောင်ဆန်းစုကြည်က Mr. John William Yettaw ပေးခဲ့တဲ့ ပစ္စည်းများကို ရှာဖွေပုံစံနဲ့တကွ အပ်နှံခဲ့ပါတယ်။ ဒေါ်အောင်ဆန်း စုကြည် ထုတ်ပေးအပ်နှံတဲ့ပစ္စည်း (၂၂)မျိုးမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

(၁) မွတ်ဆလင်အမျိုးသမီးခေါင်းစွပ် အနက်ရောင်အထည်(၂)ခု
(၂) မွတ်ဆလင်အမျိုးသမီးမျက်နှာအုပ်ပဝါ အနက်ရောင်(၂)ခု
(၃) အမျိုးသမီးဝတ် ပန်းရောင်နှင့်အဖြူရောင် စကတ်(၂)ထည်
(၄) MINI MAGLITO စာတန်းပါ အနီရောင်ဓာတ်မီးငယ်(၁)ခု
(၅) ရေစိုဖယောင်းခဲတံ(၆)ချောင်း
(၆) နေကာမျက်မှန်(၃)လက်
(၇) ကြိုးအစိမ်းရောင်တပ် နဖူးစည်းဓာတ်မီး(၂)ခု
(၈) ရော်ဘာကြိုးတပ်လျက် ရေကူးမျက်မှန်(၁)ခု
(၉) Belkin စာတန်းပါ အဖြူရောင် ၂ပင် ပလတ်ချောင်း (၁)ခု
(၁၀) အဖြူရောင်ဆားကစ်ကြိုး (၂)ခု
(၁၁) Belkin စာတန်းပါ အဖြူရောင်ဘက်ထရီ Adaptor (၁)ခု
(၁၂) အဖြူ၊ အနက်၊ ပန်းရောင် နားထောင်ကြိုး (၁)ခု
(၁၃) အဖြူရောင် အားသွင်းကြိုး (၁)ချောင်း
(၁၄) 120 GB ၊ iPod (၁)ခု
(၁၅) Case Lo GIC စာတန်းပါ ဇစ်အိတ်ငယ် အနက်ရောင် (၁)ခု
(၁၆) Ziploc စာတန်းပါ ပလတ်စတစ်ဇစ်အိတ်ငယ် (၁)ခု
(၁၇) မီးခိုးရောင် သိုးမွေးခြေအိတ် (၂)စုံ
(၁၈) THE GREAT OF PRICE ခေါင်းစဉ်ပါ အင်္ဂလိပ်ပုံနှိပ်စာအုပ် (၁)အုပ်
(၁၉) THE DOCTRING AND LOVE CONVENANTS ခေါင်းစဉ်ပါ အင်္ဂလိပ်ပုံနှိပ်စာအုပ် (၁)အုပ်
(၂၀) BIBLE DICTIONARY ခေါင်းစဉ်ပါ အင်္ဂလိပ်ပုံနှိပ်စာအုပ် (၁)အုပ်
(၂၁) TOPICAL GUIDE ခေါင်းစဉ်ပါ အင်္ဂလိပ်ပုံနှိပ်စာအုပ် (၁)အုပ်
(၂၂) ဆုတ်ဖြဲထားသော စာရွက်အပိုင်းအစများ စက္ကူအိတ်ဖြင့် (၁)ထုပ်

အပ်နှံခဲ့

အဲဒီပစ္စည်းများထဲမှာ Mr.John William Yettaw ရဲ့ ထွက်ဆိုချက်အရ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်းအတွင်းသို့ ပထမအကြိမ် လာရောက်ခဲ့စဉ်က နောက်ဖေးဘက်တံခါး အပြင်လှေကားထစ်မှာ ချထားပေးခဲ့ပါတယ်လို့ ထွက်ဆိုခဲ့တဲ့ Book of Mormon ဆိုတဲ့စာအုပ် ပါဝင်ခဲ့ခြင်း မရှိပါဘူး။ မိမိတပ်ဖွဲ့ဝင်များက Mr.John William Yettaw ရဲ့ ထွက်ဆိုချက်များအရ သိရှိပြီးဖြစ်တဲ့အတွက် Mr. John William Yettaw ပေးခဲ့တဲ့ Book of Mormon စာအုပ် ရှိပါသလားလို့ တောင်းဆို မေးမြန်းတဲ့အခါကျမှ ဒေါ်အောင်ဆန်းစုကြည်က တရားစာအုပ်တစ်အုပ် ကျန်သေးတယ်ဆိုပြီး ဘုရားစင်ပေါ်မှာထားထားတဲ့ Book of Mormon စာအုပ်ကို အိမ်အပေါ်ထပ်မှာ သွားယူပြီး အပ်နှံခဲ့ခြင်းဖြစ်ပါတယ်။ ၃၀-၁၁-၂၀၀၈နေ့က လူတစ်ဦး ၎င်း၏ အိမ်ခြံဝင်းအတွင်း လျှို့ဝှက်ဝင်ရောက်ခဲ့ကြောင်း ဒေါက်တာတင်မျိုးဝင်းမှ တစ်ဆင့် ဒေါ်အောင်ဆန်းစုကြည်က သတင်းပို့ခဲ့ရာမှာလည်း ၎င်းစာအုပ်ကို ထိုလျှို့ဝှက်ဝင်ရောက် လာသောပုဂ္ဂိုလ်က ထားရှိခဲ့ကြောင်း သတင်းပို့ခြင်း မရှိခဲ့ပါဘူး။ ဒါကြောင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က ထိုကိစ္စကို စုံစမ်းစစ်ဆေးရာမှာ အမှန်ကို မဖော်ထုတ်နိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီနေ့က ဒေါ်အောင်ဆန်းစုကြည်နေအိမ်က သိမ်းဆည်းရမိတဲ့ ပစ္စည်း (၂၃)မျိုးစာရင်းကို လည်း အားလုံးလေ့လာသိရှိနိုင်အောင် Board မှာကပ်ပြီး ပြထားပါတယ်။

ဒါ့အပြင် အဲဒီနေ့က ရှာဖွေသိမ်းဆည်းခဲ့တဲ့ ပစ္စည်း (၂၃)မျိုးထဲမှာ မွတ်ဆလင် အမျိုးသမီးများဝတ်ဆင်လေ့ရှိတဲ့ အမည်းရောင်အင်္ကျီ (၂)ထည်၊ စကတ် (၂)ထည်၊ မျက်နှာအုပ်ပဝါ (၂)ထည်၊ မျက်မှန် (၃)လက်၊ အနီရောင်လက်နှိပ်ဓာတ်မီး (၁)လက် အစရှိတဲ့ ပစ္စည်းများ ပါဝင်ခဲ့ပါတယ်။ အဲဒီပစ္စည်းများနဲ့ စပ်လျဉ်းပြီး ဒေါ်အောင်ဆန်း စုကြည်က မိမိမှာ တာဝန်ရှိပါတယ်ဆိုပြီး ရှာဖွေပုံစံမှာ လက်မှတ်ရေးထိုးပေးခဲ့ပါတယ်။ သိမ်းဆည်းရမိတဲ့ ပစ္စည်းများနဲ့ ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်က မိမိကို Mr. John William Yettaw က လက်ဆောင်ပေးသွားတဲ့ ပစ္စည်းများဖြစ်တယ်လို့လည်း ပြောခဲ့ပါတယ်။

Mr. John William Yettaw က ဒေါ်အောင်ဆန်းစုကြည်ကို လက်ဆောင် အဖြစ်ပေးခဲ့တဲ့ မွတ်ဆလင်အမျိုးသမီးများ ဝတ်ဆင်လေ့ရှိတဲ့ အမည်းရောင်အင်္ကျီ(၂)ထည်၊ စကတ်(၂)ထည်၊ မျက်နှာအုပ်ပဝါ(၂)ထည်၊ မျက်မှန်(၃)လက်တို့ကို မိမိတို့ကောင်းစွာ သိရှိပြီးဖြစ်တဲ့ အမျိုးသမီးနှစ်ဦးကို တရားရုံးရှေ့မှောက်မှာ ဝတ်ဆင်ပြသစေခဲ့ရာ အဲဒီ အမျိုးသမီး (၂)ဦးကို လုံးဝမှတ်မိနိုင်ခြင်းမရှိတာကို တွေ့ရှိရတယ်လို့ တရားရုံးထုတ်ပြန် ချက်အရ သိရှိရပါတယ်။

စစ်ဆေးတွေ့ရှိ

ဒါ့အပြင် Mr. John William Yettaw ဟာ ခရစ်ယာန်ဘာသာဝင်တစ်ဦး ဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်ဟာ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ပါတယ်။ သာမန်အားဖြင့် ခရစ်ယာန်ဘာသာဝင်တစ်ဦးနဲ့ ဗုဒ္ဓဘာသာဝင်တစ်ဦးတို့ အပြန်အလှန်လက်ဆောင်ပေး ကြမယ်ဆိုရင် မိမိတို့ကိုးကွယ်တဲ့ဘာသာကို ကိုယ်စားပြုတဲ့ သမ္မာကျမ်းစာအုပ်၊ ယေရှု

အမေရိကန်နိုင်ငံသား Mr. John William Yettaw ဒေါ်အောင်ဆန်းစုကြည် နေအိမ်အတွင်း လျှို့ဝှက်ဝင်ရောက်ခဲ့မှုနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတွင် ခင်းကျင်းပြသထားသော သိမ်းဆည်းရမိသည့် ပစ္စည်းများ၊ ဓာတ်ပုံများ၊ ဒေါ်အောင်ဆန်းစုကြည် ခြံအတွင်းသို့ ဝင်/ထွက် လမ်းကြောင်းပြမြေပုံများကို တွေ့ရစဉ်။ (သတင်းစဉ်)

ခရစ်လက်ဝါးကပ်တိုင် သို့မဟုတ် အခြားဆီလျော်ရာ ပစ္စည်းတစ်ခုခုကိုဖြစ်စေ ဗုဒ္ဓ ရုပ်ပွားတော်၊ စိပ်ပုတီး သို့မဟုတ် အခြားဆီလျော်ရာပစ္စည်းတစ်ခုခုကိုဖြစ်စေ အမှတ်တရ အဖြစ် အပြန်အလှန်ပေးကြမှာသာဖြစ်ပါတယ်။ သို့သော် ခရစ်ယာန်ဘာသာဝင်ဖြစ်တဲ့ Mr. John William Yettaw ကတော့ ဗုဒ္ဓဘာသာဝင်ဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည် ကို နှစ်ဦးနှစ်ဖက်အကြား ဘာမှ ပတ်သက်ဆက်စပ်ခြင်းမရှိတဲ့ မွတ်ဆလင်အမျိုးသမီး တွေ ဝတ်တဲ့ဝတ်စုံကို လက်ဆောင်ပေးခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။ ဒါ့ကြောင့် ဒါဟာ ဘာရည်ရွယ်ချက်နဲ့ ပေးခဲ့တယ်ဆိုတာ စဉ်းစားစရာပါပဲ။

ဒါ့အပြင် Mr. John William Yettaw က သူဟာ ဒေါ်အောင်ဆန်းစုကြည် နေအိမ်မှာ (၂)ရက်နေထိုင်ခဲ့ကြောင်း၊ ထမင်းနဲ့ အစားအသောက်များ စားသောက်ခဲ့ကြောင်း ထွက်ဆိုချက်များအရ အဲဒီလိုနေခဲ့၊ စားခဲ့၊ အိပ်ခဲ့တာတွေကို သက်သေခံပစ္စည်းအဖြစ် တင်ပြနိုင်ရန် ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်ကို မေလ (၁၂)ရက်နေ့မှာ ထပ်မံသွား ရောက်ပြီး သိမ်းဆည်းခဲ့ရပါတယ်။ အဲဒီလို ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်ကို ထပ်မံ ရှာဖွေခဲ့ရာမှာ ပစ္စည်း (၁၁)မျိုးကို ထပ်မံသိမ်းဆည်းရမိခဲ့ပါတယ်။ အဲဒီပစ္စည်းများကို ပေးအပ်စဉ်က ဒေါ်အောင်ဆန်းစုကြည်က အဲဒီပစ္စည်းတွေဟာ နိုင်ငံခြားသားရောက်ရှိစဉ် အသုံးပြုသွားတဲ့ ပစ္စည်းများ ဖြစ်တယ်လို့ပြောဆိုပြီး ပေးအပ်ခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီပစ္စည်း များစာရင်းကိုလည်း လေ့လာသိရှိနိုင်အောင် Board မှာကပ်ပြီး ဖော်ပြထားပေးပါတယ်။ အဲဒီပစ္စည်းများမှာ ခေါင်းအုံး၊ ခေါင်းအုံးစွပ်၊ ပန်းကန်ပြားအဖြူ(၁)ချပ်၊ ဇွန်းခက်ရင်း(၁)စုံ၊ မျက်နှာသုတ်ပဝါကြီး (၄)ထည်၊ ပုဆိုး(၂)ထည်နဲ့ တီရှပ်(၁)ထည်တို့ ပါဝင်ပါတယ်။ တကယ်တော့ ဒေါ်အောင်ဆန်းစုကြည်တို့နေအိမ်မှာ အမျိုးသမီး (၃)ဦးတည်းသာ နှစ်ပေါင်း များစွာနေထိုင်ခဲ့ခြင်းဖြစ်ပါတယ်။

သံတမန်များနဲ့ ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား-

ယခုအခါ ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖော်အမျိုးသမီး(၂)ဦးကိုရော၊ Mr. John William Yettaw ကိုပါ စွဲချက်များနဲ့ အမှုဖွင့်ထားပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ကိုတော့ မူလ အဖော်(၂)ဦးဖြစ်တဲ့ ဒေါ်ခင်ခင်ဝင်းနဲ့ ဒေါ်ဝင်းမမတို့နှင့်အတူ အကျဉ်း ဦးစီးဌာနမှာရှိတဲ့ အရာရှိရိပ်သာမှာထားရှိပြီး အကျဉ်းဦးစီးဌာန ဆေးမှူးချုပ်နဲ့ ဆရာဝန် များက နေ့စဉ်အနီးကပ် ကျန်းမာရေး စောင့်ရှောက်ပေးလျက်ရှိပါတယ်။ ရန်ကုန်ပြည်သူ့ ဆေးရုံကြီးမှ အထွေထွေရောဂါကုဆရာဝန်ကြီးများ၊ နှလုံးအထူးကု ဆရာဝန်ကြီးများ ကလည်း ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။ နေထိုင် စားသောက်ရေးအတွက် လည်း အစစအရာရာ အဆင်ပြေအောင် ဆောင်ရွက်ပေးထားပါတယ်။ ဒေါ်အောင်ဆန်း စုကြည်ရဲ့ ကျန်းမာရေးလည်းကောင်းမွန်နေကြောင်း တွေ့ရှိရပါတယ်။

ကျန်းကျန်းမာမာ

Mr. John William Yettaw ကိုလည်း အင်းစိန်အကျဉ်းထောင် ထောင်ဆေးရုံ သီးသန့်အခန်းမှာ ထားရှိပြီး အစစပြည့်စုံအောင် စီစဉ်ပေးထားပါတယ်။ Mr. John William Yettaw ဟာ အစားအစာမစားတဲ့အတွက် ဆေးဝါးများ၊ သောက်ရေသန့်၊ ဓာတ်ဆားရည်တို့ စီစဉ်ပေးပြီး အာဟာရဖြစ်အောင် ဆောင်ရွက်ပေးထားပါတယ်။ အားဖြည့် အနေနဲ့ D-Protin၊ Astymin တို့ကို ရေနဲ့ဖျော်တိုက်ပါတယ်။ ရေဆူဆေးပြား သောက် နိုင်အောင်လည်း ဆောင်ရွက်ပေးပါတယ်။ နေ့စဉ် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပြီး ပြည့်စုံတဲ့ (၂၄)နာရီ စောင့်ရှောက်မှုပေးလျက်ရှိပါတယ်။ လက်ရှိအခြေအနေမှာ Mr. John William Yettaw ဟာ ကိုယ်ရောစိတ်ပါ ကျန်းကျန်းမာမာနဲ့ ကြံ့ကြံ့ခိုင်ခိုင်ရှိနေ ကြောင်း ပြောကြားလိုပါတယ်။ Mr. John William Yettaw ကို ဖမ်းဆီးရမိစဉ်က ကျန်းမာကြံ့ခိုင်မှု အခြေအနေနဲ့ ယခုလက်ရှိ ကျန်းမာကြံ့ခိုင်မှုအခြေအနေတွေကို သံတမန် များနဲ့ သတင်းစာဆရာကြီးများ လေ့လာသိရှိနိုင်အောင် ဓာတ်ပုံမှတ်တမ်းကို Board မှာ ကပ်ပြီး နှိုင်းယှဉ်ပြထားပါတယ်။

မီဒီယာထုတ်လွှင့်ချက်တွေ အရလည်းကောင်း၊ Mr. John William Yettaw ရဲ့ ထွက်ဆိုချက်များအရလည်းကောင်း Mr. John William Yettaw ဟာ အင်မတန် ဆင်းရဲကြောင်း၊ ဆင်းရဲလွန်းလို့ သားသေဆုံးတာကိုတောင် သင်္ဂြိုဟ်စရိတ် မတတ်နိုင် တဲ့အတွက် သက်ဆိုင်ရာ ဘုရားရှိခိုးကျောင်းက ဈာပနကို တာဝန်ယူဆောင်ရွက်ပေး ခဲ့ရကြောင်း ကြားသိရပါတယ်။ သို့သော် စစ်ဆေးတွေ့ရှိချက်များအရ Mr. John William Yettaw ဟာ အလွန်ဝေးလံတဲ့ အမေရိကန်နိုင်ငံကနေ မြန်မာနိုင်ငံကို (၂) ကြိမ်တိုင်တိုင် ငွေကြေးအမြောက်အမြား အကုန်အကျခံပြီး လာရောက်နိုင်ခဲ့တာကို တွေ့ရှိရပါတယ်။ဒါ့အပြင် ၂၀၀၈ ခုနှစ် စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာလ များမှာလည်း ထိုင်းနိုင်ငံမှာ ကာလကြာရှည်စွာ ရောက်ရှိနေထိုင် ရပ်တည်နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ အဲဒီနိုင်ငံမှာ နေထိုင်ရတဲ့ သွားလာစရိတ်၊ စားသောက်စရိတ်၊ တည်းခို နေထိုင်မှု စရိတ်တွေဟာ နည်းမှာ မဟုတ်ပါဘူး။ ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၇ရက်နေ့မှာ တော့ ဗန်ကောက်ကတစ်ဆင့် မြန်မာနိုင်ငံကို ဝင်ရောက်လာခဲ့ပြီး ရန်ကုန်မြို့မှာ ဒီဇင်ဘာ ၃ရက်နေ့အထိ နေထိုင်ခဲ့တာကိုလည်း တွေ့ရှိရပါတယ်။ ယခုအကြိမ်မှာလည်း မေလ ၂ရက်နေ့မှာ ဗန်ကောက်ကတစ်ဆင့် ဝင်ရောက်လာခြင်းဖြစ်ပြီး မေလ ၃၀ရက်နေ့အထိ ဗီဇာအရ နေထိုင်ခွင့်ရှိတာကို တွေ့ရှိရပါတယ်။ အလုပ်အကိုင် အတည်တကျမရှိ၊ ပုံမှန်ဝင်ငွေ မရှိဆင်းရဲတဲ့ Mr. John William Yettaw ဟာ ယခုလို ငွေကြေးများစွာ ကုန်ကျခံပြီး ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံမှာ လပေါင်းများစွာ သွားလာလှုပ်ရှား နေထိုင်နိုင်ခဲ့တာဟာ ဘယ်ကငွေတွေနဲ့၊ နောက်ကွယ်ရှိ ဘယ်ပုဂ္ဂိုလ်၊ ဘယ်အဖွဲ့အစည်းတွေရဲ့ ပံ့ပိုးထောက်ပံ့မှုနဲ့ နေထိုင်ဆောင်ရွက်နိုင်တာလဲဆိုတာလည်း စဉ်းစားစရာပါပဲ။

ဒါတွေကတော့ Mr.John William Yettaw နဲ့ ပတ်သက်ပြီး ကျွန်တော် တို့ရဲ့ စစ်ဆေးမေးမြန်းရရှိချက်တွေ၊ ရှာဖွေစစ်ဆေးတွေ့ရှိချက်တွေ၊ မြေပြင်ဖော်ထုတ် တွေ့ရှိချက်တွေပဲ ဖြစ်ပါတယ်။

သံတမန်များနဲ့ ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား-

ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ နိုင်ငံရဲ့လုံခြုံရေး၊ ရပ်ရွာအေးချမ်း သာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် တာဝန်ရှိတဲ့ အဖွဲ့အစည်းဖြစ်တာနဲ့အညီ Mr.John William Yettaw၊ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမတို့ (၄)ဦးအပေါ် စုံစမ်းစစ်ဆေးဖော်ထုတ်မှုများ စနစ်တကျပြုလုပ်ပြီး သက်ဆိုင်ရာ တရားရုံးကို တရားစွဲဆိုတင်ပို့ခဲ့ခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲတပ်ဖွဲ့ရဲ့ စစ်ဆေးမေးမြန်းချက်တွေ၊ ရှာဖွေသိမ်းဆည်းရမိမှုတွေ၊ မြေပြင်ဖော်ထုတ်တွေ့ရှိချက်တွေထဲက Mr. John William Yettaw နဲ့ ပတ်သက်တဲ့အချက်များကို ထုတ်နုတ် စုစည်းပြီး ယခုအားလုံး သိမြင်နိုင်အောင် အကျယ်တဝင့် ရှင်းလင်းတင်ပြရခြင်း ဖြစ်ပါတယ်။

သတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်ကြီးများခင်ဗျား-

ကျွန်တော်အထက်က ရှင်းပြခဲ့ပြီးဖြစ်လို့ အမေရိကန်နိုင်ငံသား Mr. John William Yettaw ဟာ ဘယ်သူလဲ၊ သူဘာတွေလုပ်ခဲ့သလဲ၊ ကျွန်တော်တို့ နိုင်ငံဟာ သူ့လုပ်ရပ်ကြောင့် ဘယ်လိုပြဿနာမျိုးတွေ ဖြစ်ပွားခဲ့ရသလဲ၊ ဘယ်လို ထိခိုက်နစ်နာခဲ့ရ သလဲဆိုတာ သဘောပေါက်ကြပြီးဖြစ်မယ်လို့ ယူဆပါတယ်။

တကယ်တော့ ယခုအမှုဖြစ်စဉ်ဟာ အရင်းစစ်ရင် အမြစ်မြေကဆိုသလို အမေရိကန် နိုင်ငံသား Mr. John William Yettaw ဆိုတဲ့သူဟာ အလှမ်းကွာဝေးလှတဲ့ နိုင်ငံက နေ မဆီမဆိုင် မြန်မာနိုင်ငံကိုလာရောက်ပြီး ဥပဒေမဲ့ ကြံစည်ဆောင်ရွက်ခဲ့မှုကြောင့်သာ ဖြစ်ပွားပေါ်ပေါက်ခဲ့ရခြင်းဖြစ်ပါတယ်။ Mr. John William Yettaw သည်သာလျှင် ဒီဖြစ်စဉ်ရဲ့ အဓိကအကျဆုံးသူတစ်ယောက်ဖြစ်တယ်ဆိုတာ အငြင်းပွားဖွယ်မရှိအောင် ထင်ရှားပါတယ်။ Mr. John William Yettaw ရဲ့ နောက်ကွယ်မှ ကြိုးကိုင်စီမံသူ၊ စီစဉ်ညွှန်ကြားဆောင်ရွက်သူ၊ ငွေကြေးပစ္စည်းပံ့ပိုးသူတွေ ရှိကောင်းရှိနိုင်မှာဖြစ်ပါတယ်။ မည်သူမည်ဝါ၊ မည်သည့်အဖွဲ့အစည်းဖြစ်တယ်ဆိုတာကိုတော့ ဖော်ထုတ်နေဆဲ ဖြစ်ပါတယ်။ မည်သို့ပင်ဖြစ်စေ Mr. John William Yettaw သည် တည်ဆဲဥပဒေကို ချိုးဖောက်ကာ အဓိကပြစ်မှုကျူးလွန်ခဲ့သူဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနဲ့ မဝင်းမမ တို့သည်လည်း ဒီကိစ္စမှာ ဆက်စပ်ပတ်သက်ခဲ့ကြတဲ့အတွက် ယခုအခါ ဥပဒေနှင့်အညီ တရားစွဲဆိုထားရခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ကြွရောက်လာကြတဲ့ သံတမန်များ၊ ပြည်တွင်း/ပြည်ပသတင်းဌာနများမှ သတင်းစာ ဆရာကြီးများနဲ့ ပြည်တွင်းဂျာနယ်မဂ္ဂဇင်းများမှ သတင်းတာဝန်ခံများ၊ ဧည့်သည်တော် ကြီးများခင်ဗျား-

နိဂုံးချုပ်အနေနဲ့ ထည့်သွင်းပြောကြားလိုတာကတော့ တာဝန်ရှိသူများက လုံခြုံရေး ဆောင်ရွက်ပေးတယ်ဆိုရာမှာ လုံခြုံရေးယူသူတို့ရဲ့ တာဝန်ချည်းသက်သက်မဟုတ်ဘဲ လုံခြုံရေးအယူခံရသူများကလည်း ပူးပေါင်းဆောင်ရွက်ဖို့လည်းလိုပါတယ်၊ တာဝန်လည်း ရှိပါတယ်၊ ယခုအခါ အချို့သောသံရုံးများဟာ အခါအားလျော်စွာလုံခြုံရေးတိုးမြှင့်ချထား ရန် တောင်းခံမှုများလည်းရှိပါတယ်၊ တာဝန်ရှိတဲ့လုံခြုံရေးအဖွဲ့များအနေနဲ့ လိုအပ်သလို စီမံဆောင်ရွက်မြဲအတိုင်း ဆောင်ရွက်ပေးမှာဖြစ်ပြီး တောင်းခံသူဘက်မှလည်း အပြည့်အဝ ပူးပေါင်းဆောင်ရွက်ပေးရန်လိုအပ်နေပြီဖြစ်ကြောင်းလည်း အလျဉ်းသင့်လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့) နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၉ခုနှစ် ဇွန်လအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)
၂၈-၆-၂၀၀၉ ရက်နေ့

၂၀၀၉ခုနှစ် ဇူလိုင်လအတွက်

၁၂-၇-၂၀၀၉ရက်နေ့
နှင့်
၂၆-၇-၂၀၀၉ရက်နေ့

အမေရိကန်နိုင်ငံသား Mr. John William Yettaw ဒေါ်အောင်ဆန်းစုကြည်နေအိမ်အတွင်း လျှို့ဝှက်ဝင်ရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲမှ မေးမြန်းချက်များနှင့် ရှင်းလင်းဖြေကြားချက်များ

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ အမေရိကန်နိုင်ငံသား Mr. John William Yettaw ဒေါ်အောင်ဆန်းစုကြည်နေအိမ်အတွင်း လျှို့ဝှက်ဝင်ရောက်ခဲ့မှုနှင့် စပ်လျဉ်း၍ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၂၅

အမေရိကန်နိုင်ငံသား Mr. John William Yettaw ဒေါ်အောင်ဆန်းစုကြည်နေအိမ်အတွင်း လျှို့ဝှက်ဝင်ရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် တက်ရောက်လာကြသူများ၏ မေးမြန်းချက်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၏ ရှင်းလင်းဖြေကြားချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

ဦးလှထွေး (နီကေးရှင်ဘွန်း)

မေး။ ။ Mr. John William Yettaw ကို ဘယ်အဖွဲ့အစည်းက ထောက်ပံ့နေပါသလဲ၊ အမေရိကန် လျှို့ဝှက်ထောက်လှမ်းရေး အဖွဲ့ကလား၊ မြန်မာအစိုးရကို ဆန့်ကျင်သူများကလားဆိုတာ သိချင်ပါတယ်။ ဒ့ါအပြင် ဒေါက်တာနိုင်အောင်ဆိုတာ ABSDF ဥက္ကဋ္ဌလုပ်ခဲ့သူလားဆိုတာ သိလိုပါတယ်။

ဖြေ။ ။ ဒီနေ့အထိ စုံစမ်းဖော်ထုတ်နေဆဲဖြစ်ပါတယ်။ မသေချာသေးဘဲနဲ့ ထုတ်ဖော်ပြောဆိုရန် ခက်ခဲပါတယ်။ သို့ရာတွင် သိထားသမျှ သတင်းတွေအရ ပြန်လည်သုံးသပ်ကြည့်မယ်ဆိုရင် Mr.Yettaw ဟာ အမေရိကန်နိုင်ငံသားတစ်ယောက်ဖြစ်ပြီး Mormon ဂိုဏ်းဝင်တစ်ဦးဖြစ်ပါတယ်။ ဒီနိုင်ငံကို မဝင်လာစဉ်မှာ နယ်စပ်ဒေသမှာရှိတဲ့ ဆန့်ကျင်ဘက်အဖွဲ့အစည်းများနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံအတွင်းကို ဝင်ရောက်လာသူ ဖြစ်တယ်၊ ဒီအပေါ်မှာ မူတည်ပြီး ဖော်ထုတ်သွားရမှာဖြစ်ပါတယ်၊ ဒေါက်တာနိုင်အောင်ဟာ NCUB မှ ဖြစ်ပါတယ်။

ဦးမြတ်ခိုင်(လျှပ်တစ်ပြက်ဂျာနယ်)

မေး။ ။ ရဲချုပ်၏ ရှင်းလင်းပြောကြားချက်အရ သိရှိရသည်မှာ Mr. Yettaw ဟာ နယ်မြေကျွမ်းကျင်တဲ့သဘော ရှိနေပါတယ်၊ ဒ့ါကြောင့် သူဝင်ရောက်ခဲ့တာ နှစ်ကြိမ်တည်း ဟုတ်ရဲ့လား၊ ပြီးတော့ Mr.Yettaw ဟာ စစ်ပြန်တစ်ယောက်ဖြစ်ပြီး ပညာတတ်တစ်ယောက်လည်းဖြစ်တယ်၊ အဖမ်းခံရမယ်ဆိုတာကို သိလျက်နဲ့ မြန်မာနိုင်ငံရဲ့ ဥပဒေကို ဘာ့ကြောင့် ချိုးဖောက်ခဲ့တယ်လို့ ထင်ပါသလဲဆိုတာ သိလိုပါတယ်။

ဖြေ။ ။ Mr. John William Yettaw ရဲ့ ထွက်ဆိုချက်အရ နှစ်ကြိမ်ဝင်ရောက်ခဲ့တယ်လို့ ထွက်ဆိုခဲ့ပေမယ့် ဒီအချက်ပေါ်မှာ စဉ်းစားသုံးသပ်စရာဖြစ်နေပါတယ်၊ Mr.Yettaw ရဲ့ ပြုမူဆောင်ရွက်ချက်တွေဟာ မြန်မာနိုင်ငံတော်ရဲ့ တရားဥပဒေကို ပြောင်ကျကျ ချိုးဖောက်ခြင်းလို့ သုံးသပ်လိုပါတယ်။

ဦးဝေဖြိုး (Weekly Eleven ဂျာနယ်)

မေး။ ။ Mr. John William Yettaw ကို လဝက ဥပဒေပုဒ်မ ၁၃(၁)-အရ အရေးယူထားတယ်လို့သိရပါတယ်၊ ဘာကြောင့် အဲဒီဥပဒေအရ အရေးယူခဲ့ပါသလဲ၊ အဲဒီအပြင် သူ့အနေနဲ့ မြန်မာနိုင်ငံရဲ့ လဝကဥပဒေကို ကြိုတင်သိရှိထားခြင်း ရှိ မရှိနဲ့ ဗီဇာကိစ္စကို သူဘယ်လိုဆောင်ရွက်ခဲ့တယ်ဆိုတာ သိလိုပါတယ်။

ဖြေ။ ။ ပြည်ဝင်ဗီဇာ လျှောက်ထားကတည်းက သက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကိုသိရှိကြောင်းနှင့် လိုက်နာမည်ဖြစ်ကြောင်းကို ခံဝန်လက်မှတ် ရေးထိုးရပါတယ်၊ ဒ့ါကြောင့် ဒီဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို မသိစရာအကြောင်းမရှိပါဘူး၊ တကယ်လို့ မသိဘူးဆိုရင်လည်း မသိတဲ့ အကြောင်းပြချက်နဲ့ ပြည်တွင်းဥပဒေချိုးဖောက်တာကို ဥပဒေက ခွင့်လွှတ်နိုင်စရာ အကြောင်းမရှိပါဘူး၊ Mr. Yettaw ကို ထိုင်းနိုင်ငံမှာရှိတဲ့ မြန်မာသံရုံးက ဗီဇာထုတ်ပေးခဲ့တာ ဖြစ်ပါတယ်၊ ကမ္ဘာလှည့်ခရီးသည် ဗီဇာနဲ့ လျှောက်ထားခဲ့ခြင်းဖြစ်ပြီး ၄င်းအား Black List စာရင်းသွင်းထားခြင်း မရှိခဲ့တဲ့အတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ထိုင်းနိုင်ငံရှိ မြန်မာသံရုံးက ဗီဇာထုတ်ပေးခဲ့ခြင်း ဖြစ်ပါတယ်၊ မေလ (၃)ရက်နေ့ဖြစ်ရပ် ပေါ်ပေါက်လာတဲ့အချိန်ကျမှ Mr. Yettaw ဟာ နိုင်ငံဖြတ်ကျော်မှုခင်းကို ကျူးလွန်ခဲ့တဲ့သူတစ်ယောက်ဖြစ်တယ်ဆိုတာ သိရပါတယ်။

ဦးဟိန်းလတ် (ပေါ်ပြူလာဂျာနယ်)

မေး။ ။ Mr. Yettaw ဝင်လာလို့ ဘယ်လိုပြဿနာတွေ ဖြစ်လာပါသလဲ၊ ဘယ်လိုထိခိုက်နစ်နာမှုတွေ ဖြစ်ပေါ်စေပါသလဲဆိုတာ သိလိုပါတယ်။

ဖြေ။ ။ Mr. John William Yettaw ဟာ တကယ်တော့ နိုင်ငံဖြတ်ကျော် မှုခင်းတစ်ခုကို ကျူးလွန်ခဲ့တဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါတယ်၊ နိုင်ငံဖြတ်ကျော်မှုခင်းဆိုတာ ကျွန်တော်တို့ရဲ့ TOC Department မှာ ရှိနေတဲ့ အထောက်အထားတွေအရ နိုင်ငံတစ်နိုင်ငံမှာ ဒီရာဇဝတ်မှုတွေ ပြုလုပ်နိုင်ဖို့အတွက် အခြားနိုင်ငံတစ်ခုမှာ စီမံမယ်၊ ပြင်ဆင်မယ်၊ ညွှန်ကြားမယ်၊ ထိန်းချုပ်မယ်စသည်ဖြင့် ဒီလိုအမှုမျိုးကို ကျူးလွန်မယ်ဆိုရင် ဒီပြစ်မှုကို နိုင်ငံဖြတ်ကျော်မှုခင်းလို့ ခေါ်ဆိုပါတယ်။

Mr.Yettaw ဟာ မြန်မာပြည်ရဲ့ တည်ဆဲဥပဒေတွေကို ချိုးဖောက်ပြီး ဥပဒေမဲ့ ဆောင်ရွက်ဖို့အတွက် တစ်ဖက်နိုင်ငံမှာ အခြေပြုပြီးတော့ ပြင်ဆင်ခဲ့တာတွေ အများကြီးရှိပါတယ်။ ဒါကြောင့် သူဟာ နိုင်ငံဖြတ်ကျော်မှုခင်း (Transnational Crime) ကို ကျူးလွန်ခဲ့တဲ့သူတစ်ဦးလို့ ပြောလို့ရပါတယ်။ တကယ်လို့ သူဟာ ဒီပြစ်မှုကို တစ်ယောက်တည်းကျူးလွန်တာမဟုတ်ဘဲနဲ့ သုံးယောက်ထက်ပိုတဲ့ အုပ်စုဖွဲ့ပြီး ကျူးလွန်လာရင် အုပ်စုဖွဲ့ နိုင်ငံဖြတ်ကျော်မှုခင်း (Transnational Organized Crime)မျိုး ဖြစ်လာစရာရှိပါတယ်။ ဒါဟာ နိုင်ငံတော်အတွက် အင်မတန်နစ်နာပါတယ်။

ဦးလှထွေး (နီကေးရှင်ဘွန်း) မေးမြန်းစဉ်။ (သတင်းစဉ်)

ဦးမြတ်ခိုင် (လျှပ်တစ်ပြက်ဂျာနယ်) မေးမြန်းစဉ်။ (သတင်းစဉ်)

ဦးဝေဖြိုး (Weekly Eleven ဂျာနယ်) မေးမြန်းစဉ်။ (သတင်းစဉ်)

ဦးဟိန်းလတ် (ပေါ်ပြူလာဂျာနယ်) မေးမြန်းစဉ်။ (သတင်းစဉ်)

ဒုတိယအချက်ကတော့ ဒီနေ့ ကျွန်တော်တို့နိုင်ငံမှာ ပြည်တွင်းပြည်ပမှာရှိတဲ့ ဆန့်ကျင်ဘက် အဖွဲ့အစည်းတွေအနေနဲ့ ကျွန်တော်တို့နိုင်ငံ ဒုက္ခရောက်အောင်၊ အထိနာအောင်၊ တည်ငြိမ်အေးချမ်းမှုတွေ ပျက်ပြားအောင် နေ့စဉ်နှင့်အမျှ ထိုးနှက်နေပါတယ်၊ ဒါတွေကို ကျွန်တော်တို့ ဒိုင်ခံဖြေရှင်းနေရပါတယ်။

တတိယအချက်ကတော့ တည်ငြိမ်အေးချမ်းနေတဲ့ ကျွန်တော်တို့နိုင်ငံဟာ Mr. Yettaw ရဲ့ လုပ်ရပ်ကြောင့် တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးတို့ကို များစွာထိခိုက်နစ်နာစေခဲ့ပါတယ်။ အဲဒီအချက်များဟာ Mr. Yettaw ကြောင့် ကျွန်တော်တို့နိုင်ငံ ထိခိုက်နစ်နာရမှုတွေ ဖြစ်ပါတယ်။

ပြင်သစ်နိုင်ငံသံအမတ်ကြီး

H.E. Mr. Jean-Pierre LAFOSSE

မေး။ ။ Mr. Yettaw ဝင်ရောက်မှုနဲ့ပတ်သက်ပြီး ဒေါက်တာတင်မျိုးဝင်းက တိုင်ကြားထားတယ်လို့ သိရပါတယ်၊ ဒေါက်တာတင်မျိုးဝင်းအား တရားရုံးမှာ သက်သေအဖြစ် မခေါ်သေးတာကို သိရှိလိုပါတယ်။

ဖြေ။ ။ ဤကိစ္စဟာ တရားရုံးကိစ္စသာ ဖြစ်ပါတယ်၊ တရားခံဘက်မှ ရှေ့နေများက သက်သေအဖြစ် ခေါ်ယူတာကို မတွေ့ရ၊ မကြားရသေးပါ။

ပြင်သစ်သံအမတ်ကြီး H.E. Mr. Jean-Pierre LAFOSSE မေးမြန်းစဉ်။ (သတင်းစဉ်)

ဗြိတိသျှ သံရုံးမှ Second Secretary Ms. Ruth Bradley-Jones မေးမြန်းစဉ်။ (သတင်းစဉ်)

ဗြိတိသျှသံရုံးမှ

Second Secretary

Ms. Ruth Bradley-Jones

မေး။ ။ အခုအမှု ဘယ်လောက်ကြာမယ်ဆိုတာ သိရှိလိုပါတယ်။

ဖြေ။ ။ ဒီအမှု ဘယ်လောက်ကြာမယ်၊ ဘယ်နေ့ပြီးမယ်ဆိုတာကို မိမိအနေဖြင့် မသိပါ။ တရားရုံးကိစ္စသာ ဖြစ်ပါတယ်။

ဂျာမနီနိုင်ငံသံအမတ်ကြီး

H.E. Mr. Julius Georg Luy

မေး။ ။ အသေးစိတ်ရှင်းပြမှုများကို ကျေးဇူးတင်ပါတယ်။ တရားခွင် မည်မျှကြာမည်နှင့် အကျိုးသက်ရောက်မှုကို သိလိုပါတယ်။

ဖြေ။ ။ ဤကိစ္စများမှာ တရားရုံးကိစ္စသာ ဖြစ်ပါတယ်။

မေးမြန်း

ဂျာမနီနိုင်ငံသံအမတ်ကြီး H.E. Mr. Julius Georg Luy မေးမြန်းစဉ်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ အထူးဈေးရောင်းပွဲတော်ကို ဇွန်၂၅ရက် နံနက် ဧနာရီက မှော်ဘီမြို့နယ် ရတနာလမ်းထိပ် နန်းဦးအားကစားကွင်း၌ ကျင်းပရာ စက်မှု (၁) တိုင်းဦးစီးမှူး ဦးကျော်ဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်စိုး၊ မီးခံဘိလပ်မြေပြားစက်ရုံ စက်ရုံမှူး ဦးအေးသိုက်နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ ဈေးရောင်းပွဲတော် အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

(မြို့နယ် ပြန်/ဆက်)

မြောင်မြို့နယ် ကျေးလက်လမ်းအတွက် ကျောက်များစုဆောင်း

မြောင် ဇွန် ၂၅

မြောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်လမ်းတံတား နှစ်(၃၀) စီမံကိန်းဝင်လမ်းတစ်လမ်းဖြစ်သော နဘက်ရွာနှင့် တမဆေးကန်ရွာ ဆက်သွယ်သော ကျေးလက်လမ်းကို ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် အရှည် ပေ၁၆၅၀ကို မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်သွားရန် ကျောက်များ သယ်ယူစုဆောင်းနေမှုကို ဇွန် ၁၂ရက်က အမှုဆောင်အရာရှိ ဦးတင့်ဝေ ကွင်းဆင်းစစ်ဆေးကြီးကြပ်ရာ တာဝန်ခံအင်ဂျင်နီယာ ဦးဗိုလ်ဆန်းက ကျောက်များစုဆောင်းပြီးစီးမှုနှင့် လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ခမ်းပတ်မြို့၌ အရိပ်ရပင် ပြုစုပျိုးထောင်

ခမ်းပတ် ဇွန် ၂၅

ခမ်းပတ်မြို့ စည်ပင်သာယာရေးအဖွဲ့သည် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်၊ အရိပ်ရပင်များ ပြုစုပျိုးထောင်ခြင်းလုပ်ငန်းကို ဇွန် ၁၀ ရက်က မြို့တာဝန်ခံ ဦးအေးမင်းထွန်း ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

နှစ်(၃၀)ပြည့် ပုလဲရတု မင်္ဂလာဆုတောင်းနှင့် ကျေးဇူးတင်လွှာ

ပြည့်ဝသည့် ချစ်ခြင်းမေတ္တာများကို တစ်ဦးတည်းသော သမီးလေးအပေါ် ပေးအပ်ခဲ့ကြသော ပါပါး **ဦးခင်မောင်မြင့် (မြန်မာ့အလင်း-ငြိမ်း)**နှင့် မေမေ **ဒေါ်ခင်အေးကြူ (မေသက်ခင် MTK အထည်ချုပ်လုပ်ငန်း)** တို့၏ တစ်ပါးသူများအား နားလည်စာနာ ခွင့်လွှတ်စောင့်ရှောက်တတ်သော မေတ္တာစိတ်ရင်း၏အကျိုးဖြင့် ၂၆-၆-၂၀၀၉ ရက်တွင် ကျရောက်သည့် ပုလဲရတု မင်္ဂလာမှသည် ရွှေရတု၊ စိန်ရတုသို့တိုင်အောင် စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် လျှောက်လှမ်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်-

ချစ်သမီး ဆုရတနာထွန်း (Pinky) (အထက-၁၊ ဒဂုံ)
ဦးဇော်၊ ဦးမင်း၊ မဖြိုး၊
မကျင်မြ၊ နိုင်မော်၊ စန်းစန်း၊ မျိုးမျိုး၊ နွေးနွေး၊ သဲသဲ၊ စုစု၊
မေသက်ခင် MTK ဝန်ထမ်းမိသားစု

— — — — — — — —

ကျွန်တော် ကျွန်မတို့အား ဘဝကြင်ဖော် လက်တွဲဖော်အဖြစ် ကြည်ဖြူစွာ ခွင့်ပြုပေးခဲ့ကြသည့် နှစ်ဖက်သော ဘိုးဘိုး၊ ဘွားဘွား၊ မိခင်၊ ဖခင်၊ အစ်ကိုကြီး၊ အစ်မကြီးများနှင့် ညီအစ်ကို မောင်နှမများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မိသားစုအပေါ် နားလည်သိတတ်သော ချစ်ခြင်းများဖြင့် လက်တွဲရပ်တည်မှုပေးခဲ့သည့် ချစ်ခင်ပွန်း **ဦးခင်မောင်မြင့်** အားလည်းကောင်း၊ လုပ်ငန်းတစ်ခုထူထောင်ကာ ခင်ပွန်းသည်နှင့် မိသားစုဆွေမျိုးသားချင်းများအပေါ် စေတနာအပြည့်ဖြင့် ပါရမီဖြည့်ပေးခဲ့သည့် ချစ်ဇနီး **ဒေါ်ခင်အေးကြူ** အားလည်းကောင်း၊ မိမိတို့မိသားစုနှင့် ဘာသာရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စများတွင် ပတ်သက်ဆက်နွှယ်ခဲ့ကြသည့် ကျေးဇူးရှင်များ၊ ကျေးဇူးတင်ထိုက်သူများအားလည်းကောင်း မင်္ဂလာသက်တမ်း နှစ်(၃၀)တိုင် ပုလဲရတုကို ပုံဖော်လျှောက်လှမ်းနိုင်ခွင့်အတွက် ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ခင်မောင်မြင့် (မြန်မာ့အလင်း-ငြိမ်း)-
ခင်အေးကြူ (MTK အထည်ချုပ်လုပ်ငန်း)။

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်နေ
ဦးအောင်မြင့်-ဒေါ်စန်းစန်းမော် တို့၏
တစ်ဦးတည်းသောသား
မောင်ဇော်ထက် B.Sc (Maths)
(ခေတ္တ- တိုကျို၊ဂျပန်)
နှင့်
ရန်ကုန်မြို့၊ လသာမြို့နယ်နေ
(ဦးညွန့်လင်း)-ဒေါ်ဝင်းဝင်းမြင့် တို့၏ သမီးကြီး
မဥမ္မာအောင် B.Sc (Zool)
(ခေတ္တ-တိုကျို၊ ဂျပန်)
တို့သည် ၁၁-၆-၂၀၀၉ ရက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဇော်ထက်-မဥမ္မာအောင်

— — — — — — — —

ချစ်မောင်လေး ဇော်ထက်နှင့် ချစ်ဥုံကြီးတို့၏ မင်္ဂလာရက်မြတ်မှသည် ဆန္ဒနှင့်ဘဝတစ်ထပ်တည်းကျ၍ ရာသက်ပန် ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ။

ချစ်သော ကိုဇာနည်-မမ၊
ချစ်အန်တီစုနှင့် ညီလေး ကံကောင်း။

မင်္ဂလာဦးဆုတောင်း

ကိုဇော်ထက်နှင့် မဥမ္မာအောင်တို့၏ မင်္ဂလာဦးရက်မြတ်မှသည် နှစ်ပေါင်းတစ်ရာတိုင် ပျော်ရွှင်ချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ASIA Language & Business Academy
မိသားစု။

ဖခင်အမည်မှန်

ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် လှော်ကထား အထက တက္ကသိုလ်ဝင်တန်းမှ မောင်သန့်ဇင်လင်း၏ ဖခင်အမည်မှန်မှာ ဦးခင်ဦး ၁၄/လမန(နိုင်)၀၁၉၈၈၆ဖြစ်ပါသည်။

ဖခင်အမည်မှန်

ပဲခူးတိုင်း ဒိုက်ဦး တောင်စလဲ မြောင် အထကခွဲ တက္ကသိုလ်ဝင်တန်းမှ စောနဲဒါ၏ ဖခင်အမည်မှန်မှာ စောကလဲ(ခ) စောလမ်းဗိုလ် ၁၂/ကမန(နိုင်)၀၁၇၆၄၇ ဖြစ်ပါသည်။

စောကလဲ(ခ)စောလမ်းဗိုလ်။

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကိုအောင်ကျော် ၁၀/မလမ(နိုင်) ၁၈၉၇၃၉ ၏ ဇနီးဖြစ်သူ မလှဲ့ယဉ်မြင့် ၁၂/သကတ (နိုင်) ၁၆၁၁၀၉ သည် ခင်ပွန်းနှင့် မိသားစုများအား စိတ်အနှောင့်အယှက်ဖြစ်အောင် ပြုလုပ်၍ နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း၊ ၎င်းနှင့်ပတ်သက်သောကိစ္စများကိုလုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ကိုအောင်ကျော်
အခန်း ၀၀၁၊ တိုက် ၂၅၊
၆လမ်း(B)၊ ယုဇနဥယျာဉ်မြို့တော်။

ဥတုရာသီ တောကိုမှီ၏

The Live News ဂျာနယ် အမှတ်(၁၃၅)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၂၅

ယခုအပတ်ထုတ် The Live News ဂျာနယ်အမှတ်(၁၃၅)တွင် ဆင်ဖြူကျွန်းအောင်သိန်း၏ ထူးခြားသောဝတ္ထုတစ်ပုဒ်၊ မြင်းမူ မောင်နိုင်မိုး၏ တဘတ်စုတ်ကလေးပေးတဲ့ အမေ၊ နီမင်းဆွေ၏ Slumdog Milliomaire အိမ်နောက်ဖေးက သန်းကြွယ်သူဌေး(၈)၊ ကိုကိုလှိုင်၏ တစ်ကျော့ ပြန်လည်ဆိုးရွားလာသည့် အီရတ်လုံခြုံရေး ပြဿနာ၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက အခြေခံအဆောက်အအုံရဲ့ မူလဘူတ 'မြေ'သမိုင်းကြောင်း(၁၃)၊ ကျောက်တံတားမြို့နယ်က ရှေးဟောင်းလက်ရာ အဆောက်အအုံများရဲ့ မြေအမည်ပေါက်များ၊ အောင်လျှမ်းဝေ၏ တက္ကသီလာဆိပ်ကြီးမှာ၊ ကြိုင်လျှမ်း၏ ပင်လယ်ပျော်သင်္ဘောသား အင်္ဂလိပ်စကား(၇)၊ တက္ကသိုလ်မောင်သုလှိုင်၏ ပေါက်ဖော်တို့တိုင်းပြည် မီဒီယာခရီး တစ်ခေါက်(၂)၊ သန့်စင်လတ်(ပညာရေး)၏ ဝလုံးသခင် ဆရာရှင်တစ်ဦးရဲ့ ထူးတဲ့ အယူအဆ၊ အာရှမိုး၏ မြောက်ကိုရီးယားတို့၏ နိုင်ငံရေး၊ စစ်ရေးနှင့် သံတမန်ရေးလှုပ်ရှားမှုများ၊ အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် တွေ့ဆုံမေးမြန်းခြင်း၊ အကြမ်းဖက် အဖွဲ့အစည်းများ ဆိုမာလီနှင့် ယီမင်နိုင်ငံများသို့ အသိုက်ပြောင်းနေပြီဖြစ်ကြောင်း အမေရိကန်စစ်ဘက် ပြောဆို၊ အကြမ်းဖက် တိုက်ခိုက်မှုများ ပိုမိုတိုးပွားလာတဲ့ ပါကစ္စတန်နဲ့ အီရတ်၊ တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတွင် မြေပြို၍ လူသေဆုံးမှုများရှိ၊ အသက် ၉၆နှစ်တွင် မဟာဘွဲ့ဆွတ်ခူးသောအဘိုးအို၊ ကိုရီးယားဇာတ်လမ်းတွဲ 'ကျေးဇူးတင်ပါတယ်'အပိုင်း ၂၂၂၃၊ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင်စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်ကို အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူ အိမ်အရောက်ပေးပို့ရန်စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ ၁၃စောင် ကျပ် ၅၈၅၀၊ ခြောက်လ ၂၆စောင် ကျပ်၁၁၇၀၀ နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက် အမှတ် ၃၁၀ အခန်း(၀၀၄)၊ ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၅၊ ၂၅၀၈၁ နှင့် Market Care (Distribution Service) အမှတ် (၅၅) ပထမထပ် ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀-၀၈၀၄၇တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အေးမြကြည်လင်ဈေးအတွင်း အုတ်ခုံပြုလုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်မိုးတို့ ဇွန် ၆ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးသိန်းနှင့် အင်ဂျင်နီယာမှူး ဦးကျုံးလျှန်ဗိုလ်ဦး်းတို့က ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ရတနာကျွန်းရိပ်သာ နဝရတ်လမ်းနေ ကွယ်လွန်သူ ဒေါ်ဝင်းကြည်အား ရည်စူး၍ ဒုတိယဗိုလ်မှူးကြီး သန်းဝင်း မိသားစုတို့ကအထွေထွေပဒေသာ ပင်ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူးဦးဝင်းဆွေထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)နှင့် ဘီအိုစီ ပိဋကတိုက်ကျောင်း ဝေယျာဝစ္စအဖွဲ့တို့ ပူးပေါင်းလျက် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ၂၈-၆-၂၀၀၉ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ဘီအိုစီပိဋကတိုက်ကျောင်း၌ ကျင်းပမည် ဖြစ်ပါ၍ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့။

မှတ်သားဖွယ်ရာ မိုးရေချိန်

ရန်ကုန် ဇွန် ၂၅

နေပြည်တော်	၀ ဒသမ	၀၈လက်မ
ကျိုင်းတုံ	၁ ဒသမ	၆၁လက်မ
ပြည်မြို့	၁ ဒသမ	၁၄လက်မ
တောင်ငူ	၁ ဒသမ	၁၄လက်မ
ဇန်းမော်	၁ ဒသမ	၁၀လက်မ
ဖျာပုံ	၁ ဒသမ	၀၇လက်မ
စစ်တွေ	၀ ဒသမ	၉၉လက်မ

ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့၌ ဆေးခြောက်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

ရန်ကုန် ဇွန် ၂၅

ရန်ကုန်တိုင်း ရန်ကုန်မူးယစ် (အနောက်)မှ တာဝန်ရှိသူများသည် ဇွန်၂၀ရက် မွန်းလွဲ၂နာရီခန့်တွင် သဃ်္ဃန်းကျွန်းမြို့နယ် သဃ်္ဃန်းကျွန်းကြီး အလယ်ပိုင်းရပ်ကွက် အောင်မင်္ဂလာ(၂)လမ်းရှိ မခင်သန်းစော၏ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ မီးဖိုချောင်ထွက်ပေါက်မြေကြီးအတွင်း သတင်းစာစက္ကူဖြင့် ထုပ်ထားသည့် ဆေးခြောက် ၂၀၆ဒသမ ၈ဂရမ်ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ တရားခံ မခင်သန်းစောအား စစ်ကြောချက်အရ ဆေးခြောက်များကို သဃ်္ဃန်းကျွန်းကြီး မြောက်ပိုင်းရပ်ကွက်နေ ဒေါ်ခင်သွဲ့ထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် ဒေါ်ခင်သွဲ့၏ နေအိမ်ကို သွားရောက် ရှာဖွေရာ နေအိမ်အိပ်ခန်းသေတ္တာပေါ်မှ ဆေးခြောက် ၃ဒသမ ၂ကီလို ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ တရားခံများဖြစ်ကြသော မခင်သန်းစောနှင့် ဒေါ်ခင်သွဲ့တို့အား ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ကွင်းဆက်တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ မန္တလေးတိုင်း မန္တလေး မူးယစ်(မြောက်)မှ တာဝန်ရှိသူများသည် ဇွန်၂၀ရက်ညနေ၃နာရီခွဲခန့်တွင် ပြင်ဦးလွင် မန္တလေးလမ်းမပေါ်ရှိ တော်ဝင်ဟိုတယ်ရှေ့၌ လမ်းလျှောက်လာသူ ခင်မောင်သက်နှင့် ဇာနည်ထွန်းတို့အား သတင်းအရရှာဖွေရာ ခင်မောင်သက်ဝတ်ဆင်ထားသည့် အင်္ကျီအိတ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀ ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ တရားခံများဖြစ်ကြသော ခင်မောင်သက်နှင့် ဇာနည်ထွန်းတို့အား ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ကွင်းဆက်တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ရန်ကုန်တိုင်း ရန်ကုန်မူးယစ်(အနောက်) တာဝန်ရှိသူများသည် ဇွန်၂၁ရက် ညနေ၃နာရီခန့်တွင် သန်လျင်မြို့နယ် ကွမ်းခြံကုန်းရပ်ကွက် ဒေါ်ပုလမ်းကြား၌ သတင်းအရ ခင်မြတ်မြတ်မိုးအား ရှာဖွေရာ ၎င်းထံမှ ဆေးခြောက် ၂ဒသမ ၄ကီလိုကို သိမ်းဆည်းရမိခဲ့ကြောင်း၊ တရားခံ ခင်မြတ်မြတ်မိုးအား ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ကွင်းဆက်တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ညာဘက်နားသည် အကြားအာရုံကို ပိုမိုလက်ခံနိုင်

လူတို့တွင် နားနှစ်ဖက်ရှိသည့်အနက် ညာဘက်နားမှာ အကြားအာရုံကို ပိုမိုသိရှိနိုင်ကြောင်း လေ့လာတွေ့ရှိရသည်ဟု အီတလီ ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

တွေ့ရှိ

အီတလီ ဆေးသိပ္ပံပညာရှင်များ၏ သုတေသနပြုချက်များအရ လူတို့၏ ညာဘက်နားသည် သတင်းအချက်အလက်များကို ပိုမိုလက်ခံမှတ်ယူနိုင်မှုရှိပြီး ဝဲဘက်နားမှာမူ ညာဘက်နားမှ လက်ခံရရှိသော သတင်းအချက်အလက်များအား ဦးနှောက်သို့ပေးပို့မှုကို ပိုမိုဆောင်ရွက်ကြောင်း တွေ့ရှိရသည်ဟုဆို၏။

ပိုမိုလက်ခံ

ပထမသုတေသနပြုချက်အရ လူ ၂၈၆ဦးအား နောက်ခံ၌ အသံချဲ့စက်ဖွင့်ထားပြီး စကားပြောဆိုစမ်းသပ်ခဲ့ရာ ညာဘက်နားမှာ ပိုမိုလက်ခံနိုင်စွမ်းရှိသည့် လူဦးရေမှာ ၇၂ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

ဖုန်းပြောမှု

လူတို့၌ အများအားဖြင့် တယ်လီဖုန်းစကားပြောသည့်အခါ ဖုန်းကို ညာဘက်နားနှင့် ထိကပ်ပြီး ပြောလေ့ရှိသည်ဖြစ်ရာ အကြားအာရုံ၌ ဘယ်ဘက်နားထက် ညာဘက်နားက ပိုမိုလက်ခံနိုင်စွမ်းရှိကြောင်းပြသခြင်းဖြစ်ရာ ညာဘက်နားကို ထိခိုက်မှုမဖြစ်ပွားစေရန် ဂရုစိုက်သင့်ကြောင်း ၎င်းတို့က အကြံပြုထားသည်။

မူးယစ်ကင်းစင် အလှဆင်

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ လှိုင်ကော်၌သစ်ပင်စိုက်ပျိုး

လှိုင်ကော် ဇွန် ၁၅

လှိုင်ကော်မြို့နယ် ကုန်းသာကျေးရွာအနီးတွင် ဇွန် ၂၅ရက် နံနက် ၈နာရီက ကျင်းပသည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲသို့ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဇနီး ဒေါ်နွယ်နီဝင်းတို့ တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းဒင်က သစ်ပင်စိုက်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မှတ်တမ်းဓာတ်ပုံ

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌနှင့်ဇနီး၊ တာဝန်ရှိသူများက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများသို့ ပျိုးပင်ဖြန့်ဝေပေးပြီး စိုက်ပျိုးမည့် ယူကလစ်(Grandis)မျိုးစေ့နှင့် ပျိုးထောင် **(ယာပုံ)**၊ သက်ကြီးစိုက်ခင်းနှင့် တန်ဖိုးနည်းအိမ်ရာ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်နယ်ဥက္ကဋ္ဌနှင့်ဇနီးတို့သည် သတ်မှတ်နေရာများတွင် သစ်ပင်စိုက်ပျိုးပေးပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တပျော်တပါး သစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။ **(ခရိုင် ပြန်/ဆက်)**

တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေး ပညာပေးဟောပြောပွဲ စဉ့်ကူး၌ကျင်းပ

စဉ့်ကူး ဇွန် ၁၄

လူတွင်ဖြစ်ပွားတတ်သော လူတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေး ပညာပေးဟောပြောပွဲကို ဇွန် ၃ရက် နံနက် ၉နာရီက စဉ့်ကူးမြို့နယ်ခန်းမ၌ ကျင်းပသည်။

အမှာစကား

ရှေးဦးစွာမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လူက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက်မြို့နယ်ကျန်းမာရေး ဦးစီးဌာန မြို့နယ်ဆရာဝန်ဒေါက်တာ ခိုင်ခိုင်မော်က ကမ္ဘာ့လူတုပ်ကွေးရောဂါနှင့် ရောဂါဖြစ်ပွားမှု အခြေအနေများကိုလည်းကောင်း၊ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းက ဝက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေးတို့ကို လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးတင့်က အစားအစာမှ ကူးစက်တတ်ပုံများကို လည်းကောင်း ပညာပေး ရှင်းလင်းဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ရွှေဘို၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရွှေဘို ဇွန် ၂၂

ရွှေဘိုမြို့ ရာဇအောင်မြေ ရန်အောင်မြင်စေတီတော် လမ်းဘေးဝဲယာ၌ ဇွန် ၁၅ ရက်က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကျင်းပသည်။

တက်ရောက်

သစ်ပင်စိုက်ပျိုးပွဲသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံးချိုနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (ခေတ္တ) ဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မျိုးအောင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူ စုစုပေါင်း အင်အား ၁၂၀၀ခန့် တက်ရောက်သည်။

စိုက်ပျိုးပေး

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံးချိုက အသင်းအဖွဲ့များအား ပျိုးပင်များ ပေးအပ်ပြီး**(ဝဲပုံ)** သစ်ပင်များစိုက်ပျိုးပေးသည်။

စုစုပေါင်း

စိုက်ပျိုးသောသစ်ပင်များမှာ စိန်ပန်း ၂၂၀၊ ကုက္ကို ၂၇၀၊ ယူကလစ် ၁၇၀၊ စွယ်တော် ၁၇၀၊ တမာ ၁၅၀၊ မဲဇလီ ၂၅၀နှင့် ယင်းမာ ၁၅၀ စုစုပေါင်း အပင် ၁၃၈၀ ဖြစ်သည်။ **(ခရိုင် ပြန်/ ဆက်)**

သစ်ပင်စိုက်ပျိုးပွဲ သထုံ၌ကျင်းပ

သထုံ ဇွန် ၁၂

သထုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ မြို့နယ်သစ်တောဦးစီးဌာန၏ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁ ရက် နံနက် ၉ နာရီက သထုံမြို့နယ် မရမ်းကုန်းကျေးရွာ၌ ကျင်းပသည်။

ဟောပြော

သစ်ပင်စိုက်ပျိုးပွဲ မကျင်းပမီ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲကို မရမ်းကုန်းကျေးရွာ ရွှေနံ့သာဇေယျမွှောရုံ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဦးညီညီခိုင်က အမှာစကားပြောကြားပြီး မြို့နယ်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင်များက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များဆွေးနွေးဟောပြောသည်။

စုပေါင်းစိုက်ပျိုး

ဆက်လက်၍ သစ်ပင်စိုက်ပျိုးပွဲကို မရမ်းကုန်းကျေးရွာပိုင် ယူကလစ်စိုက်ခင်း၌ကျင်းပရာ ကျွန်းပင်၊ မဟော်ဂနီပင်နှင့် ပျဉ်းကတိုးပင်တို့ကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ကျေးရွာပြည်သူများက စုပေါင်းစိုက်ပျိုးကြသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်း စည်ပင်ညွှန်မှူး ကွင်းဆင်းစစ်ဆေး

သန်လျင် ဇွန် ၁၂

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်သည် တာဝန်ရှိသူများလိုက်ပါလျက် သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော မြို့သာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့မတောင်ရပ်ကွက်အတွင်း အဖွဲ့ဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်လျက်ရှိရာသို့ မေ ၂၂ ရက်က ကွင်းဆင်းစစ်ဆေးရာ အဖွဲ့အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် ရပ်ကွက် ဥက္ကဋ္ဌ ဦးငွေအောင်တို့က ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တိုင်းစည်ပင်ညွှန်မှူးက မြို့မဈေးကြီး သားငါးတန်းများ၌ ယင်လုံဆန်ခါဖြင့် ဖုံးအုပ်ရောင်းချမှုနှင့် သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချနေမှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့သည်။ **(မြို့နယ်စည်ပင်)**

ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး၌ ရောင်းချနေသော သားငါးတန်းများတွင် ယင်လုံဆန်ခါဖြင့် ရောင်းချခြင်းရှိမရှိကို မေ ၂၃ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးခင်မောင်ချို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းမြိုင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မိုးစပါးစိုက်ပျိုးရန် စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ် သနပ်ပင်၌ ဧက ၁၈၀၀၀၀ ကျော်စိုက်ပျိုးမည်

သနပ်ပင် ဇွန် ၁၀

ပဲခူးတိုင်း သနပ်ပင်မြို့နယ်တွင် ၂၀၀၉-၂၀၁၀မိုးစပါးစိုက်ပျိုးထုတ်လုပ်ရန် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၅ရက်က သနပ်ပင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကြည်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် စီမံကိန်းဦးစီးဌာန ဦးစီးအရာရှိ ဦးတေဇာလင်းက စီမံကိန်းရည်မှန်းချက်များနှင့်မိုးစပါး ဧက ၁၈၁၀၁၀ အပြည့်အဝ စိုက်ပျိုးရေး ရှင်းလင်းတင်ပြသည်။

ပြောကြား

ထို့နောက်မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကြည်က မြို့နယ်စိုက်/ညှိအဖွဲ့ သက်ဆိုင်ရာနယ်မြေအလိုက် ရပ်ကွက်/ကျေးရွာဥက္ကဋ္ဌများအား ၂၀၀၉-၂၀၁၀မိုးစပါးစိုက်ပျိုးထုတ်လုပ်ရန် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပြီး**(အောက်ပုံ)** မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကြည်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(ဝ၅ဝ)

တံတားများကြံ့ခိုင်မှု

မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့်အဖွဲ့ ပေါင်-ထန်းပင်ချောင်ကြီးကျေးလက်လမ်းပေါ်ရှိ တံတားများကြံ့ခိုင်မှုရှိစေရေးအတွက် ဇွန် ၅ရက်က ကွင်းဆင်းစစ်ဆေးရာ ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်လင်းထင်တို့က ရှင်းလင်းတင်ပြစဉ်။

(၁၇၆)

နွားထိုးကြီး၌ ဝါစိုက်ပျိုးမှု ကွင်းဆင်းဆောင်ရွက်

နွားထိုးကြီး ဇွန် ၂၀

နွားထိုးကြီးမြို့နယ်တွင် ဝါစိုက်ပျိုးရေး လုပ်ငန်းကိုလျာထားချက်အမီ စိုက်ပျိုးထုတ်လုပ်ရန်အတွက် ဇွန်၅ရက်က နွားထိုးကြီး မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်း မန်နေဂျာ ဒေါ်စန်းစန်းမြင့် ဦးဆောင်၍ ကွင်းဆင်းဆောင်ရွက်သည်။

မိုးဦးသီးနှံဖြစ်သော မလှိုင် ၅/၆ဝါ ၂၁၉၄၅ဧက စိုက်ပျိုးဆောင်ရွက်ရာ ၃၅၉၁ဧက စိုက်ပျိုးနိုင်ပြီ ဖြစ်သည်။ အလားတူ ငွေချည်(၆)ဝါမိုးစိုက်မှာလည်း ၁၂၁ဧက စိုက်ပျိုးနေပြီဖြစ်ကြောင်း သိရသည်။ (ဝ၉၂)

မြို့နယ်သတင်းများ

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ခရိုင်ချင်းဆက် လမ်းအမှတ်(၂) ပျော်ဘွယ်မြို့နယ် အပိုင်းအား မေ၁၅ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်နှင့် အမှုဆောင်အရာရှိ ဦးမောင်စိုးတို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

တရားမပုံစံအမှတ်-၉၄

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မိတ္ထီလာခရိုင်တရားရုံး
၂၀၀၉ခုနှစ် တရားမဇာရီမှုအမှတ် -၂၃

ဘဏ်ခွဲမန်နေဂျာ — နှင့် — ၁။ ဦးမျိုးမင်း
မြန်မာ့စီးပွားရေးဘဏ် — ၂။ ဒေါ်သောင်းမြင့်
ဝမ်းတွင်းမြို့။ — (၁)ရပ်ကွက်၊ ဝမ်းတွင်းမြို့။
တရားနိုင် — **တရားရှုံးများ**

၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ်-၅၅၇ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၉ ခုနှစ် ဩဂုတ် ၅ ရက် (မြန်မာသက္ကရာဇ် ၁၃၇၁ခုနှစ် ဝါခေါင်လပြည့်နေ့) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

(က) ဝမ်းတွင်းမြို့၊ (၁)ရပ်ကွက်၊ ကွင်း(၁၅၈၂/၂၀၀၉)၊ ပျော်ဘွယ်ရွာမကွင်း၊ ဦးပိုင်အမှတ် (၁၈/၆)၊ မြေကွက်အမှတ် (အက်ဖ်-၁၉၉/၆၀၀)၊ ဧရိယာ ဝ.၁၁၆ ဧကရှိမြေ။
၁။ ယင်းမြေကွက်ပေါ်ရှိ (၂၇×၁၆)ပေရှိနံကပ်၊ သွပ်မိုး နှစ်ထပ်တိုက်။
၂။ (၃၆×၁၅)ပေ နံကပ်၊ သွပ်မိုး၊ စက်ရုံ။
(ခ) ဝမ်းတွင်းမြို့၊ အမှတ်(၁)ရပ်၊ ကွင်း(၁၅၈၂/၂၀၀၉)၊ ပျော်ဘွယ်ရွာမကွင်း၊ ဦးပိုင်အမှတ်(၂၈/၅)၊ မြေကွက်အမှတ် (၂၈၄/၆၃၄)၊ ဧရိယာဝ.၁၁၁၈ ဧကရှိမြေ။
၁။ ယင်းမြေပေါ်ရှိ (၂၁×၁၈)ပေရှိ သွပ်မိုးထရံကာ၊ မြေစိုက်အလုပ်သမားများနေအိမ်။
၂။ စက်ပစ္စည်းများ။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၁၈၀။
ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်မကန်ပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၉ခုနှစ် ဇွန် ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။
ဉာဏ်ဝင်း
ခရိုင်တရားသူကြီး၊ မိတ္ထီလာမြို့။

ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် ၅က/၁၅၂၄၏ အခွန်ပုံစံ(၁)အစိမ်း ရောင်စာရွက်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း-၆၆၂၉၈၁။**

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ပြင်ဦးလွင်ခရိုင်တရားရုံး
၂၀၀၉ခုနှစ် တရားမဇာရီမှုအမှတ် -၂၆

မန်နေဂျာ — နှင့် — ၁။ ဦးစိန်ဝင်း
မြန်မာ့စီးပွားရေးဘဏ်(၃) — ၂။ ဒေါ်သိန်းခင်
မန္တလေးမြို့။
တရားနိုင် — **တရားရှုံးများ**

၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ်-၅၄၈ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၉ခုနှစ် ဩဂုတ် ၁၄ ရက် (မြန်မာသက္ကရာဇ် ၁၃၇၁ခုနှစ် ဝါခေါင်လပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မိုးကုတ်မြို့၊ ရေပူရပ်ကွက်၊ အကွက်(သဖန်းပင်)၊ ဦးပိုင်(၈၀)၊ ဧရိယာ ဝ.၁၁၁မဝ၅၆ဧကရှိ ဂရန်မြေနှင့်ယင်းမြေပေါ်ရှိ (၂၆½×၃၀)ပေသွပ်မိုး၊ အပေါ်ထပ်လျှာထိုးခင်း၊ (အထပ်သား မျက်နှာကြက်တပ်)၊ အပေါ်ထပ်ပျဉ်ကာ အောက်ထပ်နံကပ် နှစ်ထပ်အဆောက်အအုံ (ပလတ်စတစ်မျိုးစုံရောင်းဝယ်ရေး လုပ်ငန်းရှိ ကုန်ပစ္စည်းများအားလုံး)။

ကြမ်းခင်းဈေး ကျပ်သိန်း ၁၄၀။
ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်မကန်ပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင် ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၉ခုနှစ် ဇွန် ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။
စန်းယုတင်
ဒုတိယခရိုင်တရားသူကြီး
ပြင်ဦးလွင်ခရိုင်တရားရုံး။

ယောနယ်အသင်း(ရန်ကုန်)ဝါဆိုသင်္ကန်းကပ်လှူပွဲ

တိပိဋက(ယော)ဆရာတော်အမှူးပြုသော ဩဝါဒါစရိယဆရာတော်များနှင့် မထေရ်ကြီး ပုဂ္ဂိုလ်များအား (၂၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်ဖြစ်ရာ ယောနယ်သားယောနယ်သူများနှင့် အသင်းဝင်များ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။
ကျင်းပမည့်နေ့ရက် ။ ။ (၁၃၇၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်)
၅-၇-၂၀၀၉ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် ။ ။ နံနက် ၉ နာရီ
ကျင်းပမည့်နေရာ ။ ။ ယောနယ်အသင်းတိုက်၊ အမှတ် ၂၀၂၊ (ဒုတိယထပ်)၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၈၈၂၅၈။ **အလုပ်အမှုဆောင်အဖွဲ့။**

တရားမပုံစံအမှတ်-၉၄

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မိတ္ထီလာခရိုင်တရားရုံး
၂၀၀၉ခုနှစ် တရားမဇာရီမှုအမှတ် -၂၀

ဘဏ်ခွဲမန်နေဂျာ — နှင့် — ၁။ ဦးမြင့်ဆွေ
မြန်မာ့စီးပွားရေးဘဏ် — ၂။ ဒေါ်ကြည်ကြည်မြ
ဝမ်းတွင်းမြို့။ — (၁)ရပ်ကွက်၊ ဝမ်းတွင်းမြို့။
တရားနိုင် — **တရားရှုံးများ**

၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ်-၃၁၂ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၉ ခုနှစ် ဩဂုတ် ၅ ရက် (မြန်မာသက္ကရာဇ် ၁၃၇၁ခုနှစ် ဝါခေါင်လပြည့်နေ့) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့၊ (၁)ရပ်ကွက်၊ ကွင်း (၁၅၈၂/၂၀၀၉)၊ ပျော်ဘွယ်ရွာမကွင်း၊ ဦးပိုင်(၃/၂)၊ မြေကွက် (အက်ဖ်-၁၂/၄၂၄)၊ ဧရိယာ ဝ.၁၁၁မဝ၁၀ဧကရှိမြေ၊ လိန်ပင်ကွင်းအမှတ် (၁၄၇၃/လိန်ပင်)၊ ဦးပိုင်အမှတ် (၁၇၆/၂၁၇)၊ ဧရိယာ ဝ.၁၁မဝ၁၃ဧကရှိ မြေနှင့်ယင်းမြေကွက်ပေါ်ရှိ သွပ်မိုး၊ နံကပ်၊ ကွန်ကရစ်ခင်း တစ်ထပ်တိုက်၊ သွပ်မိုး၊ နံကပ်၊ ကွန်ကရစ်ခင်း၊ ရက်ကန်း စက်ရုံ၊ စက်ပစ္စည်းများ အားလုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၃၅၀။
ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်မကန်ပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင် ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၉ခုနှစ် ဇွန် ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။
ဉာဏ်ဝင်း
ခရိုင်တရားသူကြီး
မိတ္ထီလာမြို့။

မြေကွက်နှင့်ဂိုဒေါင် ရောင်းမည်

ဒဂုံမြို့သစ်(တောင်ပိုင်း)၊ စက်မှုဇုန်(၁)၊ မြေ ပေ ၆၀×ပေ ၁၂၀၊ ထောင့်ကွက်၊ ပါဝါဆယ်ကောင်အား၊ အဝီစိရေ၊ ဂိုဒေါင်နှစ်လုံးအပါ အဝင်၊ အုတ်တံတိုင်းခတ်ပြီး ကျပ်သိန်း ၆၈၀ (ညှိနှိုင်း) ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ **ဖုန်း-၇၀၅၂၃၁၊ ၇၀၀၆၆၈။**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဓမ္မပါလလမ်း၊ မြေတိုင်းရပ်ကွက် (၃၅ . CG)ရှိ မြေကွက် အမှတ် (၇၆ . B)၊ မြေအကျယ်၊ ပေ(၁၀×၄၀)နှင့်မြေပေါ်ရှိအုတ်ညှပ်နှစ်ထပ် နေအိမ်အား ဒေါ်သန်းရွှေ ၁၂/ဗဟန(နိုင်)၀၅၁၈၈၆ အမည် ပေါက်ထံမှ ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်၍ အပြီးအပိုင် ဝယ်ယူရန် ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ယနေ့မှစ၍ ခုနစ်ရက် အတွင်း အထက်ပါလိပ်စာသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများနှင့်အတူ လာရောက် ကန့်ကွက်နိုင်ပါသည်။
ဒေါ်ချိုချိုသန်း
၁၂/ဗဟန(နိုင်)၀၇၁၂၀၉။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မကန/၁၂၈၅၇ ဟန်စင်း 110 မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးချစ်အောင် ၁/မကန(နိုင်)၀၃၁၈၉၁ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် တင်ပြသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကညန၊ပြည်နယ်ရုံး၊(မြစ်ကြီးနားမြို့)။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၆၄၉၆၅ Honda C90 H Custom ယာဉ်လက်ဝယ်ရှိသူ ဦးမြအောင် ၁၄/ကပန(နိုင်)၀၆၅၆၅၇၇က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ တိုင်းရုံး၊(ပုသိမ်မြို့)။

သင့်သွေးဖြင့် အသက်ကယ်ပါ

တရားဝင်ဇနီးဖြစ်ကြောင်းကြေညာခြင်း

ကျွန်တော်မောင်စိုးမိုးဇင် ၇/တငန (နိုင်)၀၀၀၀၀၁နှင့် နော်ကညောဖော ၇/တငန(နိုင်) ၁၂၆၄၉၆တို့သည် ၂၉-၅-၂၀၀၇ရက်တွင် တောင်ငူမြို့၊ (၅)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ တရားဝင်လက်ထပ်ခဲ့ကြပြီး ယနေ့တိုင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လျက်ရှိကြသဖြင့် နော်ကညောဖောတစ်ဦးတည်းသာ ကျွန်တော်၏ တရားဝင်ဇနီးဖြစ်ကြောင်း ကြေညာပါသည်။
ခင်ပွန်း-မောင်စိုးမိုးဇင်(ခ)ဖိုးခွား(တောင်ငူ)။

ယင်းမာရွှေပြည် အထွေထွေသမဝါယမအသင်းစု အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

ယင်းမာပင် ဇွန် ၁၆

ယင်းမာပင်မြို့နယ် ယင်းမာရွှေပြည် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမ အသင်းစု လီမိတက်၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မေ ၂၈ရက် နံနက် ၉နာရီက ယင်းမာရွှေပြည်ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိမြို့နယ် အသင်းစုဥက္ကဋ္ဌ ဦးကျော်ငြိမ်းနှင့် ယင်းမာပင်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းကြွေတို့က အမှာစကား ပြောကြားကြသည်။ (ဝဲပုံ)

ဆက်လက်၍ အမှုဆောင်ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများကိုဖတ်ကြားပြီး ယင်းမာပင်မြို့နယ် သမဝါယမအသင်းစုအဖြစ် ပြန်လည်ဖွဲ့စည်း၍ အမှုဆောင်ဒါရိုက်တာအဖွဲ့များ ပြန်လည် ရွေးချယ်ခဲ့ကြောင်း သိရသည်။

ခံယူ

ရွေးချယ်ခံရသော အသင်းစုဥက္ကဋ္ဌ ဦးတင်ညိုနှင့် အမှုဆောင်များက သဘာပတိ ရှေ့မှောက်တွင် ကတိသစ္စာခံယူကြသည်။
(မြို့နယ် ပြန်/ဆက်)

လပွတ္တာစည်ပင် လပွတ္တာ-ဆားကျင်းလမ်း ကျောက်ချောခင်း

လပွတ္တာ ဇွန် ၁၂

လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လပွတ္တာ-ဆားကျင်းလမ်း(ကျေးလက်) ကျောက်ချောခင်းခြင်း လုပ်ငန်းစတင် ဆောင်ရွက်မည့်အခြေအနေကို ဇွန် ၁ရက်က တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ကျော်အောင်တို့က လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကြို့ပင်ကောက်မြို့တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အခြေခံပညာအထက်တန်းကျောင်းအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ရာသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှသိန်း၊ မြို့နယ်ပညာရေးမှူး ဦးအောင်ဝင်းနှင့် အမှုဆောင်အရာရှိ ဦးတင်မြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

Mr. John William Yettaw ကို ဥပဒေနှင့်အညီ တရားရုံးတင်စစ်ဆေးလျက်ရှိ ၎င်းသည် ဉာဏ်ရည်ဉာဏ်သွေးကောင်းမွန်ပြီး ဝေဖန်သုံးသပ်ဆင်ခြင်နိုင်စွမ်း မြင့်မားသူဖြစ်

ဆန့်ကျင်ဘက်အုပ်စုတွေ ဝေဖန်နေကြသလို စိတ်ဝေဒနာရှင်၊ ကျပ်မပြည့်သူတစ်ဦးမဟုတ် ၎င်း၏နောက်ကွယ်မှ ကြိုးကိုင်စီမံစီစဉ်ညွှန်ကြားပြီး ငွေကြေးပံ့ပိုးသူရှိကောင်းရှိနိုင်

မည်သူမည်ဝါ၊ မည်သည့်အဖွဲ့အစည်းဖြစ်သည်ကို ဖော်ထုတ်နေဆဲဖြစ်

ရန်ကုန် ဇွန် ၂၅

အမေရိကန်နိုင်ငံသား Mr. John William Yettaw ဒေါ်အောင်ဆန်းစုကြည် နေအိမ်အတွင်း လျှို့ဝှက်ဝင်ရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၏ ရှင်းလင်းပြောကြားချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

ကြွရောက်လာကြတဲ့ သံတမန်များ၊ ပြည်တွင်း/ပြည်ပသတင်းဌာနများမှ သတင်းစာဆရာကြီးများနဲ့ ပြည်တွင်း ဂျာနယ်/မဂ္ဂဇင်းများမှ သတင်းတာဝန်ခံများခင်ဗျား-

အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ဒီနေ့ မြန်မာနိုင်ငံအတွင်းကိုဝင်လာပြီး ဥပဒေမဲ့လုပ်ရပ်တွေ ကြံစည်လုပ်ဆောင်ခဲ့တဲ့ အမေရိကန်နိုင်ငံသား Mr. John William Yettaw ကို ဥပဒေနှင့်အညီ တရားရုံးတင်စစ်ဆေးလျက်ရှိတယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒီဖြစ်ရပ်နဲ့ပတ်သက်လို့ Mr. John William Yettaw ဆိုတာဘယ်သူလဲ၊ သူဘာတွေလုပ်ခဲ့လဲ၊ သူ့နောက်ကွယ်မှာ ဘယ်သူတွေရှိသလဲ၊ သူ့ရဲ့ ပြုမူဆောင်ရွက်ချက်တွေဟာ ကျွန်တော်တို့နိုင်ငံကို ဘယ်လောက်ထိခိုက်နစ်နာသွားစေခဲ့ပါသလဲ၊ ဘယ်လိုအကျိုးသက်ရောက်မှု ရှိစေခဲ့ပါသလဲဆိုတာတွေနဲ့ပတ်သက်လို့ သိချင်လို့ လာရောက်မေးမြန်းမှုများလည်း အမြောက်အမြားရှိနေပါတယ်။ ဒါနဲ့ပတ်သက်ပြီး ရရှိထားတဲ့ သတင်းများကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ တက်ရောက်လာကြသော ဧည့်သည်တော်ကြီးများအားလုံးရဲ့ သိချင်တာတွေအားလုံးကိုတော့ အပြည့်အဝ ပြောပြနိုင်သေးမှာ မဟုတ်ပါဘူး။ သို့သော်လည်း လက်ရှိအခြေအနေအထိ စိစစ်ဖော်ထုတ်ရရှိချက်နှင့် သိထားတာများကို ပြောကြားသွားမှာဖြစ်ပါတယ်။ ဒီဖြစ်ရပ်နဲ့ပတ်သက်လို့ အချို့သောသတင်းမီဒီယာတွေနဲ့ တရားရုံးထွက်ဆိုချက်တွေမှာလည်း ဖော်ပြပါပြီးဖြစ်ပါတယ်။ သို့သော်လည်းပဲ သံတမန်အချို့၊ သတင်းထောက်အချို့နဲ့ ပြည်သူအချို့က Mr. John William Yettaw ကိစ္စနဲ့ပတ်သက်လို့ သိရှိရသမျှ ပြည့်စုံစွာသိလိုကြောင်း ထပ်မံမေးမြန်းမှုတွေရှိလာတဲ့အတွက် ဒီကနေ့ Mr. John William Yettaw ကိစ္စနဲ့ပတ်သက်လို့ ရှင်းလင်းပြောဆိုသွားမှာ ဖြစ်ပါတယ်။

စာမျက်နှာ ၈ ကော်လံ ၁ ●

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ အမေရိကန်နိုင်ငံသား Mr. John William Yettaw ဒေါ်အောင်ဆန်းစုကြည် နေအိမ်အတွင်း လျှို့ဝှက်ဝင်ရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

အမေရိကန်နိုင်ငံသား Mr. John William Yettaw ဒေါ်အောင်ဆန်းစုကြည်နေအိမ်အတွင်း လျှို့ဝှက်ဝင်ရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၅

အမေရိကန်နိုင်ငံသား Mr. John William Yettaw ဒေါ်အောင်ဆန်းစုကြည် နေအိမ်အတွင်း လျှို့ဝှက်ဝင်ရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ ဌာနေညှိနှိုင်းရေးမှူးရုံးမှကိုယ်စားလှယ်၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များ၊ ပြည်တွင်းဂျာနယ်/မဂ္ဂဇင်းများမှ စာတည်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက အမေရိကန်နိုင်ငံသား Mr. John William Yettaw ဒေါ်အောင်ဆန်းစုကြည် နေအိမ်အတွင်း လျှို့ဝှက်ဝင်ရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ရှင်းလင်းဖြေကြား

ထို့နောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသူများက မေးမြန်းကြရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ပြန်လည်ရှင်းလင်းဖြေကြားပြီး သတင်းစာရှင်းလင်းပွဲကို ညနေ ၃ နာရီတွင် ရုပ်သိမ်းလိုက်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ■

မိုးထစ်ချုန်း ရွာမည်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။